# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန် – မန္တလေး ရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ သာစည်အထိ အမှတ်(၁၁)အဆန်နှင့် သာစည်မှ ရန်ကုန်အထိ (၁၂)အစုန် ရထားခရီးစဉ်များ စတင်ပြေးဆွဲပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

တိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရန်ကုန် – မန္တလေး ရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် စက်တင်ဘာ ၁၃ ရက်မှစတင်၍ ယာယီရပ်ဆိုင်းထားရသည့် ရထားခရီးစဉ်များကို အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်နှင့်သာစည်အကြား အဆန်ရထားလမ်းပိုင်း ပြုပြင်ပြီးဖြစ်၍ လူစီးရထားနှင့် ကုန်ရထားများကို စက်တင်ဘာ ၂၀ ရက်မှစတင်ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန် – သာစည်ရထားလမ်းပိုင်း၌ စက်တင်ဘာ ၂၁ရက်မှစတင်ပြေးဆွဲပေးမည့် အမှတ် (၁၁)အဆန် လူစီးရထားသည် ရန်ကုန်ဘူတာမှ

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ က စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီး ဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်း ပြောကြား**
ပြည်တွင်းသတင်း | စာ ၃

**ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး**
ဆောင်းပါး | စာ ၆

**ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (အရှေ့အလယ်ပိုင်းမှ ကမ္ဘာဆုံးတိုင် ပဋိပက္ခ)**
ဆောင်းပါး | စာ ၁၀




# ကလောမြို့၌ ရေများကျဆင်းသွားပြီးနောက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**ကလော စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဆောင်သည် အမြင့် ၁၃ ပေခန့် နစ်မြုပ်ခဲ့ပြီး အဆိုပါကျောင်းတွင် ရေများပြန်လည်ကျဆင်းသွားသည့်အတွက် စာသင်ကျောင်းအမြန်ဆုံးဖွင့်လှစ်နိုင်ရေး စက်တင်ဘာ ၁၃ ရက်မှစကာ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(**အပေါ်ပုံ**)

ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြီးကြပ်မှုဖြင့် နယ်မြေခံတပ်နယ်မှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့

*စာမျက်နှာ ၄ ကော်လံ ၁* ◆


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၉ ရက်သာ လိုတော့သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ က စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြား

**စိန့်ပီတာစဘတ် စက်တင်ဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ **"ယုံကြည်မှုများ တိုးမြှင့်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းအတွက် အမျိုးသမီးများကဏ္ဍ"** ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ ဗီဒီယိုမိန့်ခွန်းပေးပို့ခဲ့သည်။

ဖိုရမ်၏ ဖွင့်ပွဲနှင့် မျက်နှာစုံညီအခမ်းအနားတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတမစ္စတာ ဗလာဒီမာပူတင်၊ ရုရှားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗာလန်တီးနား မာ့တ်ဗီရမ်ကာနှင့် စိန့်ပီတာစဘတ် အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့တို့က မိန့်ခွန်းများကို တက်ရောက်ပြောကြားကြသည်။ ထို့ပြင် ရုရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီခေးမီရှူစတင်က မိန့်ခွန်းပေးပို့သည်။ ထို့နောက် မျက်နှာစုံညီ နီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ ဖိုရမ်သို့ တက်ရောက်လာသော နိုင်ငံတကာလွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့အစည်းများ၏ အမျိုးသမီးခေါင်းဆောင်များက မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၏ ဗီဒီယိုမိန့်ခွန်း အပြည့်အစုံမှာ -

- မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း စသည့်အသင်းအဖွဲ့များအနေဖြင့် အမျိုးသမီးများ၊ မိခင်လောင်းများ၊ အမျိုးသမီးငယ်ရွယ်များ၊ ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝ လုံခြုံရေးကို ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ဂုဏ်ထူးဆောင်နာယကအဖြစ် လမ်းညွှန်ပါဝင် ဆောင်ရွက်နေပါကြောင်း၊
- မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် ကမ္ဘာ့အမျိုးသမီးများနှင့်အတူ မြန်မာအမျိုးသမီးများသည်လည်း ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊
- မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ လိုအပ်လာသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှု၊ နည်းပညာကဏ္ဍဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေး၊ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု၊ ကုန်သွယ်ရေးပဋိပက္ခ၊ စစ်ရေးပဋိပက္ခ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ တစ်နေ့တခြား လိုအပ်မှုရှိလာသည်ကို တွေ့ရပါကြောင်း၊
- အမျိုးသမီးများသည် ပဋိပက္ခများ၏ဒဏ်ကို ပိုမိုခံစားရသူများဖြစ်သည့်အတွက် အပြန်အလှန်နားလည်ယုံကြည်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက် အောင်မြင်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးထုအကြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ချက်ဖြစ်လာပါကြောင်း၊
- BRICS အဖွဲ့ကြီး၏ အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ အရေးပါသည့်ယန္တရားတစ်ရပ်အဖြစ် ဆောင်ရွက်နေသည်ကို အားတက်ဖွယ်တွေ့ရှိရပါကြောင်း၊
- ယခုအချိန်သည် အမျိုးသမီးများ၏ နေ့စဉ်ဘဝ ကိစ္စဆောင်ရွက်မှုကိုသာမက ကမ္ဘာ့ရေးရာ ကိစ္စများတွင်ပါ ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လုံ့လဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ခံနိုင်ရည်စွမ်းအား၊ ဖန်တီးနိုင်စွမ်းအားများကို အသိအမှတ်ပြုအားပေးရမည့်အချိန်အခါ ဖြစ်ပါကြောင်း၊
- မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထူးအလေးထားလျက်ရှိပါကြောင်း၊
- ယခု ယူရေးရှားအမျိုးသမီးဖိုရမ်သည် ကမ္ဘာတစ်လွှားမှ အမျိုးသမီးများ၏ အကျိုးစီးပွားကို မြှင့်တင်ရေးအတွက်သာမကပဲ ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်နေသော အမျိုးသမီးထုကြီး၏ စုပေါင်းအင်အားအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊
- ဤဖိုရမ် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နိဂုံးချုပ်ပါကြောင်း ပြောကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

ထို့နောက် အဆိုပါဖိုရမ်ကို **"ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုအတွက် အစီအစဉ်သစ်"**၊ **"စီးပွားရေးဆိုင်ရာ အမှန်တရား-နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ"**၊ **"ကျန်းမာသန်စွမ်းသော လူ့အသိုင်းအဝိုင်းနှင့် သာယာဝပြောသော လူမှုအဖွဲ့အစည်း"**၊ **"သန့်ရှင်းသောကမ္ဘာနှင့် အစားအသောက်လုံခြုံရေး"**၊ **"ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားခြင်း"** တို့အတွက် အမျိုးသမီးများ၏ကဏ္ဍနှင့် "BRICS အမျိုးသမီးဖိုရမ် ဆွေးနွေးပွဲ" တို့ကို ခေါင်းစဉ်များအလိုက် ကျင်းပဆွေးနွေးကြသည်။ **"ဓလေ့ထုံးတမ်းများကိုထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းတို့အတွက် အမျိုးသမီးများ၏ကဏ္ဍ"** ခေါင်းစဉ်အောက်၌ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်ကလည်း ဗီဒီယိုမိန့်ခွန်းပေးပို့ပြောကြားသည်။

စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ နိုင်ငံတကာမှ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အာကာသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားကဏ္ဍဆိုင်ရာ အမျိုးသမီးခေါင်းဆောင်များနှင့် ပညာရှင်များအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်ကို တွေ့ရစဉ်။



## ပုဗ္ဗသီရိမြို့နယ်၌ ရေများကျဆင်းသွားပြီးနောက် စာသင်ကျောင်းများအတွင်း ရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်

**ပုဗ္ဗသီရိ စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဆင်သေချောင်းရေများလျှံပြီး ရပ်ကွက်ကျေးရွာအချို့၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများအတွင်း ရေများဝင်ရောက်ခဲ့ပြီးနောက် ယခုအခါရေများ ပြန်လည်ကျဆင်းသွားသည့်အတွက် ယနေ့နံနက်ပိုင်းတွင် ရွာတော်အုပ်စု ရွာသစ်ကျေးရွာရှိ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်သည်။(ဓာတ်ပုံ)

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဌာန၊ ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများက ရွှံ့နွံတင်ကျန်ရစ်သောပစ္စည်းများ၊ အဆောက်အအုံများ၊ စာသင်ခန်းများအတွင်း၌ ကျန်ရစ်ခဲ့သော ရွှံ့နွံများ၊ အမှိုက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးသန်းနိုင်ကျော်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

မြန်မာ့အလင်း



# နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တည်ထောင်ရာတွင် အများပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် စက်တင်ဘာ ၂၀**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

### မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်အနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အာဏာသက်ဝင်နိုင်ခဲ့ပြီး ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်လျှောက်ထားခြင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်လျှောက်ထားခြင်းတို့ကို လက်ခံဆောင်ရွက်နေပြီဖြစ်သည့်အတွက် နိုင်ငံတော်တွင် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်သည် အာဆီယံနိုင်ငံနှင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ စတင်ဖွံ့ဖြိုးတိုးတက်လာပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင်လည်း ကျန်အဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်ဆောင်ရွက်လာနိုင်ပြီဖြစ်သည့်အတွက် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ယှဉ်ပြိုင်မှုမြင့်မားသော MSMEs များအဖြစ် ရပ်တည်လာနိုင်စေရေးအတွက် ရန်ပုံငွေ၊ နည်းပညာနှင့် လိုအပ်သည့် အခြားကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့လုပ်ငန်း၏ အမှတ်တံဆိပ်များ၊ ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့် အနုပညာလက်ရာများကိုလည်း မူပိုင်ခွင့်ဖြင့် အကာအကွယ်ရယူနိုင်ကြခြင်းဖြင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်နှင့် သုတေသနဌာနများမှ တီထွင်ဖန်တီးလိုသည့် လက်ရာများကို ဈေးကွက်တွင်ဖြန့်ဖြူးနိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့်စနစ်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ်ဖြင့် နည်းပညာများလွှဲပြောင်းရယူနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ရှိ ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာစေရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တည်ထောင်ရာတွင် အများပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အတည်ပြုခဲ့ပြီးသည့် အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တာဝန်ခံဝန်ကြီးဌာနနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များအနေဖြင့် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်း စနစ်တစ်ရပ်ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ ***ရှေ့ဖုံးမှ***

နံနက် ၅ နာရီတွင် ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၂)အစုန် လူစီးရထားသည် သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ည ၉ နာရီခွဲတွင်လည်းကောင်း၊ အသီးသီး ဆိုက်ရောက်၊ ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ဘူတာစဉ်အားလုံး၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး ခရီးစဉ် အစ၊ အဆုံး တစ်ဦးလျှင် အထက်တန်းလက်မှတ်ခ ငွေကျပ်၁၇၀၀၀ နှင့် ရိုးရိုးတန်း လက်မှတ်ခ ငွေကျပ် ၉၀၀၀နှုန်းဖြင့် ယခင်နှုန်းထားအတိုင်း ပြန်လည်ပြေးဆွဲပေးမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ သာစည်-မန္တလေး ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မှ မန္တလေးအထိ ရထားခရီးစဉ်များကို မကြာမီပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

---

◆ ***ရှေ့ဖုံးမှ***

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ဦးဆောင်၍ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်ယန္တရားများနှင့် စုပေါင်း အင်အားတို့ဖြင့် ရွှံ့နွံအမှိုက်များ ဆယ်ယူခြင်း၊ စာသင်ခန်းများ၊ စာသင်ခုံများ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ စက်တင်ဘာ ၂၀ ရက်တွင် စာသင်ခန်းများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ရေဆိုးများ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူရေနစ်မြုပ်ခဲ့သည့် ကလောမြို့တွင်းလမ်းများ၊ ဌာနဆိုင်ရာရုံးများ၊ ရေနစ်မြုပ်ခဲ့သည့် နယ်မြေခံတပ်မှ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ၊ ကလောမြို့တွင်း ရေပေးဝေသည့် ရေထွက်များ၊ မောမြေဦးပန်းခြံတို့တွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို စက်တင်ဘာ ၂၁ရက်တွင် Grade-8မှ Grade-12 အထိဖွင့်လှစ်သွားမည်ပြီး စက်တင်ဘာ ၂၃ ရက်တွင် Grade 1 မှGrade -12 အထိ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## စဉ့်ကိုင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများပေးအပ်

**စဉ့်ကိုင် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေများဝင်ရောက်ခဲ့ပြီး ကျေးရွာအချို့ရှိ နေအိမ်များ ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

### ထောက်ပံ့ပေးအပ်

ထိုသို့ထောက်ပံ့ရာတွင် ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်နှင့် စဉ့်ကိုင်မြို့နယ်မှ ဌာနဆိုင်ရာများက မြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သော စုစုပေါင်း ကျေးရွာရှစ်ရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၂၅၄၃စုမှ လူဦးရေ ၁၀၄၅၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၁၉၅၅၀၀ ကို ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

---

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မော်လမြိုင်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ စက်တင်ဘာ ၂၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများ၌ နေထိုင်ကြလျက်ရှိသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဘားအံမြို့ ပြည်ထောင်စုရိပ်သာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှု၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ စာသင်ကျောင်းများ ယာယီပိတ်ထားရမှုနှင့် ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းမှု၊ မိုးစပါးရေနစ်မြုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ရေကြီးရေလျှံမှု ဖြစ်စဉ်က တင်ကျန်ခဲ့သော သဲနုန်းများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ စည်ပင်သာယာရေး အဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး မီးသတ်ရေသယ်ယာဉ်၊ ယန္တရားများအသုံးပြု၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်စေတီတော် အောင်ချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွှေယဉ်မျှော်ပြည်တော်စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညို၍ အဆိုပါစေတီတော်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၂၈၅ စု၊ လူဦးရေ ၁၄၃၉ ဦးအတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိဿာ၊ ကြက်ဥအလုံး ၃၀၀၀နှင့် စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်ကာ ရေဘေးရှောင်စခန်း၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်နယ်လမ်းဦးစီးဌာနမှ ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အလင်းတိုက် စာကြည့်တိုက်ပရဝဏ်၌ ရေဘေးရှောင် ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး အလင်းတိုက်စာကြည့်တိုက်အတွင်း စာအုပ်၊ စာပေများ လေ့လာဖတ်ရှု နေကြသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရန် စာကြည့်တိုက်မှူးထံ ငွေကျပ် ၁၀ သိန်းကိုပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး စကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေ ၆၃၇ ဦးအတွက် ဆန် ၁၄ အိတ်၊ ဆီ ၇၅ ပိဿာ၊ ကြက်ဥအလုံး ၃၃၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၂၁၉ စု၊ လူဦးရေ ၉၇၀ အတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိဿာ၊ ကြက်ဥအလုံး ၂၀၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက် ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာထမ်းများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန် ပြောကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး

စည်သူကျော်

နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) ဖြစ်သည်။ ထိုနေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ပြုလုပ်ကျင်းပကြသည်။

ကျင်းပသည်ဆိုရာ၌လည်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(United Nations World Tourism Organization– UNWTO) က ထိုနှစ်အတွက် ချမှတ်ပေးသော ဆောင်ပုဒ်အကြောင်းအရာ(Theme) အပေါ် အခြေခံ၍ ကျင်းပကြခြင်းဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီးက နှစ်စဉ် ကမ္ဘာပေါ်၌ လတ်တလောဖြစ်ပေါ်နေသော အားလုံးက အလေးထား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အကြောင်းအရာ (Global Agenda) များကို အခြေခံ၍ သက်ဆိုင်ရာနှစ်အတွက် ဆောင်ပုဒ်ကို ဖော်ထုတ်ချမှတ်ပေးခြင်းဖြစ်သည်။

### ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး

ယခုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သို့ ရောက်တော့မည်ဆိုသော အမှတ်ရစိတ်ဖြင့် ယခုနှစ်အတွက် ဆောင်ပုဒ်ကို ရှာဖွေကြည့်မိသည်။ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ဆောင်ပုဒ်သည်(Tourism and Peace) ဖြစ်သည်။ အလွယ်မြန်မာပြန်ရသော် ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးဖြစ်သည်။ မှန်ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် စစ်မက်ဖြစ်ပွားနေသော နေရာဒေသ မြောက်မြားစွာရှိနေသည်။ အလားတူ စစ်မက်ဖြစ်ပွားရန် တာစူစိုင်းပြင်းနေသော နေရာဒေသများလည်း ရှိနေသည်။ ကမ္ဘာ့လူသားများအတွက် ရတက်မအေးဖွယ်ဖြစ်သည်။ နျူကလီးယားစစ်ပွဲ (Nuclear War)ဆိုသော စကားလုံးကိုလည်း ခပ်စိပ်စိပ် တွေ့မြင်ကြားသိနေရသည်။ သို့ဖြစ်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်သည် လက်ရှိကမ္ဘာကြီး၏ အနေအထားကို တိုက်ရိုက်မီးမောင်းထိုးပြနေသလို ငြိမ်းချမ်းရေး၏ အရေးပါပုံ၊ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးတို့ အပြန်အလှန်ဆက်စပ်နေပုံတို့ကို ပေါ်လွင်စေသည်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို လေ့လာခဲ့စဉ်က ဖတ်ရှုခဲ့ဖူးသော စာတမ်းတစ်စောင်ပါ စာသားအချို့ကို အမှတ်ရမိသည်။ Tourism and War ဆိုသော စာတမ်းဖြစ်သည်။ ဘာသာပြန်ကြည့်ရလျှင် စစ်နှင့်ခရီးသွားလုပ်ငန်းဟု ပြန်ဆိုရမည်ထင်သည်။ အမှတ်ရမိသည်ဆိုရာ၌ စာရေးဆရာကြီး လီယိုတော်စတွိုင်း ရေးသားခဲ့ပြီး ဆရာမြသန်းတင့် ဘာသာပြန်ဆိုခဲ့သော စစ်နှင့်ငြိမ်းချမ်းရေး (War and Peace) စာအုပ်နှင့် အမည် အနည်းငယ်ဆင်တူသောကြောင့် ဖြစ်သည်။




ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သော ထင်ရှားသည့် စစ်ပွဲအချို့နှင့် ခရီးသွားလုပ်ငန်း၏ သဘောသဘာဝတို့ကို ယှဉ်တွဲရေးသားထားခြင်းဖြစ်သည်။ ကနဦး ဆွဲထုတ်ပြထားသော အယူအဆမှာ ခရီးသွားလုပ်ငန်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှု(ဝါ)ငြိမ်းချမ်းမှုရှိရန် လိုအပ်သော ဖြစ်ရပ်တစ်ခုဆိုသည်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ်ရှိရန် လိုအပ်သည်။ ထို့နောက်တွင်ကား ခရီးသွားလုပ်ငန်းကဏ္ဍ၏ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသော အနေအထားကြောင့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တွန်းအားတစ်ရပ်သဖွယ်ဖြစ်သည်ဟု အသိအမှတ်ပြုလာကြသည်။ ခရီးသွားလုပ်ငန်းသည် ဖြစ်မှုအနေအထားတစ်ခုမှ ပြုမှုအနေအထားတစ်ရပ်သို့ အသွင်ပြောင်းလဲသွားခြင်း ဖြစ်သည်။

### ခရီးသွားလုပ်ငန်းကို ဘာသာရပ်တစ်ခုသဖွယ် သုတေသနပြုလေ့လာ

ခရီးသွားလုပ်ငန်းကဏ္ဍ ကျယ်ပြန့်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ခရီးသွားလုပ်ငန်းကို ဘာသာရပ်တစ်ခုသဖွယ် သုတေသနပြုလေ့လာကြသော ပညာရပ်ဆိုင်ရာ အခန်းကဏ္ဍများ၊ ပညာရှင်များပါဝင်လာခဲ့ရာ ခရီးသွားလုပ်ငန်း၏ အခြားသောကဏ္ဍများ၌ ပါဝင်ပတ်သက်မှု၊ လွှမ်းခြုံနိုင်မှု၊ ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖော်ထုတ်တင်ပြလာကြသည်။ ၎င်းတို့တွင် ငြိမ်းချမ်းရေးနှင့် ခရီးသွားလုပ်ငန်းတို့၏ အပြန်အလှန်ဆက်စပ်သက်ရောက်မှုများအပေါ် လေ့လာတင်ပြခြင်းများ ရှုထောင့်ပေါင်းစုံမှ ပေါ်ထွက်လာသည်။

သို့ဖြစ်ရာ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ခရီးသွားလုပ်ငန်းတို့အကြား (ပညာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၏) အပြန်အလှန် မေးခွန်းထုတ်မှုများလည်း ရှိခဲ့သည်။ မှန်ပေသည်။ ၎င်းတို့ တင်ပြလာသော အယူအဆမှာ စစ်မက်ဖြစ်ပွားနေသော(ဝါ) ငြိမ်းချမ်းမှုမရှိသောနေရာတွင် ခရီးသွားလုပ်ငန်း မဖြစ်ထွန်းနိုင်ဟူ၍ ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းပေါ်ထွန်းဖွံ့ဖြိုးလိုသော် ငြိမ်းချမ်းမှုရှိအောင် လုပ်ရမည်ဟူသည့် သဘောဖြစ်သည်။ အချို့ကလည်း ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှုကို တိုက်ရိုက်မဖြစ်ပေါ်စေနိုင်၊ ငြိမ်းချမ်းရေးပေါ်ပေါက်လာစေခြင်းတွင် အထောက်အပံ့ပြုသော အကြောင်းအချက်တစ်ခုဖြစ်သည်ဟု ဆိုကြသည်။

မည်သို့ပင်ဆိုစေကာမူ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးသည် ကြီးမားသော ဆက်နွှယ်မှုရှိနေသည်ကို ငြင်းမရ။ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်သည်ဆိုသော အယူအဆသည် ကျယ်ကျယ်ပြန့်ပြန့် ခိုင်မာလာသည်။ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေး အယူအဆရေးရာ ဂုရုကြီးတစ်ဦးဖြစ်သော Louis D’ Amore (လူးဝစ်ဒမော) က ခရီးသွားလုပ်ငန်းကို “Tourism–The World’s Peace Industry” ဟု ရဲရဲဝံ့ဝံ့ ကျယ်ကျယ်ပြန့်ပြန့် ချပြလိုက်သောအခါ ပိုမို၍ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည်။

ငြိမ်းချမ်းရေး(Peace) ဆိုသည်ကို လူးဝစ်ဒမောက ၎င်း၏ စာတမ်းတွင် စစ်ပွဲများမရှိခြင်း(absence of war) ဟု ရိုးရိုးရှင်းရှင်းပင် အဓိပ္ပာယ်ဖွင့်ခဲ့သည်။ စစ်ပွဲများ မရှိခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဖြစ်ထွန်းရာ နေရာသည် စစ်ပွဲများမရှိ၊ ငြိမ်းချမ်းသောနေရာပင်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ငြိမ်းချမ်းရေးလုပ်ငန်းကဏ္ဍ (The World’s Peace Industry) ဟု အမည်ပေးကင်ပွန်းတပ်ခဲ့ခြင်းဖြစ်သည်။ ဒမော၏ အမြင်ဖြစ်သော ငြိမ်းချမ်းရေးအပေါ် ခရီးသွားလုပ်ငန်း၏ တွန်းအားမှာ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့လူသားအချင်းချင်း၊ ကမ္ဘာ့ နိုင်ငံများအချင်းချင်း နီးကပ်စွာ ဆက်သွယ်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်တည်မှုကို အထောက်အကူပြုစေခြင်းဖြစ်သည်။

ပြန်လှန်မေးခွန်းထုတ်သူများ၏ မေးခွန်းဖြစ်သော ခရီးသွားလုပ်ငန်းအတွက် ငြိမ်းချမ်းရေးလော၊ ငြိမ်းချမ်းရေးအတွက် ခရီးသွားလုပ်ငန်းလောဟူသည်ကို ဤအချက်ဖြင့် အဖြေထုတ်နိုင်ခဲ့သည်။ ခရီးသွားလုပ်ငန်း (ဖြစ်မှု)အတွက် ငြိမ်းချမ်းရေး (ပြုမှု) မဟုတ်၊ ငြိမ်းချမ်းရေး(ဖြစ်မှု)အတွက် ခရီးသွားလုပ်ငန်း(ပြုမှု)ဖြစ်သည် ဆိုခြင်းပင်။ ခရီးသွားလုပ်ငန်းသည် တကယ်ပင် ငြိမ်းချမ်းရေးကို အထောက်အကူပြုပါသလားဟု မေးခွန်းထုတ်လာသော် ခရီးသွားခြင်းဖြင့် အခြား မတူကွဲပြားသောသူများ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဖြစ်တည်မှုတို့ကို တန်ဖိုးထားလေးစားမှု တိုးပွားလာပြီး မိမိတို့သည် ကမ္ဘာ့မိသားစုကြီး၏ မိသားစုဝင်များ ဖြစ်ပါပေသည်ဟု နားလည်စာနာ ခံစားတတ်လာပါက၊ ဟုတ်ပါသည်၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေး ဖြစ်ထွန်းပေါ်ပေါက်ရေးကို အထောက်အကူပြုပါပေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုအတွက် တွန်းအားဆိုသည်ကို ထောက်ပြနိုင်သည့် အချက်တစ်ချက်မှာ ခရီးသွားလုပ်ငန်း၏ အခြားသော ကဏ္ဍများအပေါ် ပြောင်းလဲပစ်လိုက်နိုင်သည့် စွမ်းအား (Transformative Force) ဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖြစ်ထွန်းလာပါက (သို့မဟုတ်) တစ်မုဟုတ်ချင်း ဖွံ့ဖြိုးတိုးတက်လာပါက အခြားသော ဆက်စပ်ကဏ္ဍများသို့ သိသာသော သက်ရောက်မှုများ ပေါ်ပေါက်လာစေခြင်းဖြစ်သည်။

### ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှု၏ သက်ရောက်မှုများ

စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှု၏ သက်ရောက်မှုများကို အထင်အရှား တွေ့ရသည်။ ခရီးသွားလုပ်ငန်းကြောင့် ဒေသတစ်ခု (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှု ယန္တရားများ အားကောင်းလာခြင်း၊ ၎င်းတို့သည် ခရီးသွားလုပ်ငန်းကြောင့် အပြုသဘောဆောင်သော ပြောင်းလဲမှုများဖြစ်သည်။ သို့သော် အချို့သောဒေသများတွင် ခရီးသွားလုပ်ငန်းကို တာဝန်သိစွာအကောင်အထည်ဖော်ဆောင်ရွက်မှုမပြုခြင်းကြောင့် ဒေသခံများ၏ လူမှုစံတန်ဖိုးနှင့် သဘာဝပတ်ဝန်းကျင်တို့ ယုတ်လျော့ပျက်စီးခဲ့သည့် သာဓကများလည်း အမြောက်အမြားရှိသည်။ ဆိုလိုသည်မှာ ခရီးသွားလုပ်ငန်းသည် ဖော်ဆောင်သည့်ဒေသ၏ စရိုက်လက္ခဏာအသွင်အပြင် (Characteristics) ကို ပြောင်းလဲပေးနိုင်သည့်စွမ်းအား(Transformational Force or Transformational Power) ရှိသည် ဆိုသော အချက်ဖြစ်သည်။

ယင်းကြောင့်လည်း ယနေ့ခေတ်၌ ဒေသကို ပြောင်းလဲပေးနိုင်သော ခရီးသွားလုပ်ငန်းပုံစံ (Transformative Tourism)၊ ဒေသကို ပြန်လည်ကောင်းမွန်တိုးတက်လာစေသော ခရီးသွားလုပ်ငန်း (Regenerative Tourism) စသော ခရီးသွားလုပ်ငန်း (Ideology)ပုံစံအသစ်များ ပေါ်ထွန်းလာခြင်းဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးအသွင်

*စာမျက်နှာ ၇ သို့*

- ❖ **ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုအတွက် တွန်းအားဆိုသည်ကို ထောက်ပြနိုင်သည့် အချက်တစ်ချက်မှာ ခရီးသွားလုပ်ငန်း၏ အခြားသောကဏ္ဍများအပေါ် ပြောင်းလဲပစ်လိုက်နိုင်သည့် စွမ်းအား (Transformative Force) ဖြစ်**
- ❖ **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများတွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အဓိကကျသော အချက်များဖြစ်သည်ဆိုခြင်းပင် ဖြစ်သည်။ အညီအမျှအားဖြင့် ခရီးသွားလုပ်ငန်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရေးနှင့် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးတို့တွင် တိုက်ရိုက်၊ သွယ်ဝိုက် (သို့မဟုတ်) တစ်ဆင့်ခံအကျိုးသက်ရောက်စေခြင်းဖြင့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဖြစ်ပေါ်စေ**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို ၂၁-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက် နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်

**မုံရွာ**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မုံရွာမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်လျက်ရှိရာ နည်းပြ ဆရာ ဆရာမ ကိုးဦးတို့က သင်တန်းသား သင်တန်းသူ ၁၄၄ ဦးတို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဌေးတို့ တက်ရောက်ကြခဲ့ကြပြီး လာမည့် အောက်တိုဘာ ၁ ရက် စာရင်းကောက်ယူရာတွင် မြို့နယ်အတွင်းရှိ စာရင်းကောက်ကွက်ပေါင်း ၄၂၆ ကွက်တို့၌ စာရင်းစစ်/စာရင်းကောက် ၁၇၅ ဦးတို့က စနစ်တကျ ကောက်ယူသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

**ပုဗ္ဗသီရိ**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပုဗ္ဗသီရိမြို့နယ်၌ မြို့နယ်အဆင့် သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဖွင့်လှစ်လျက်ရှိရာ သင်တန်းသား သင်တန်းသူ ၁၃၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ရဲမှူး ရန်နိုင်က အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွန်းနှင့် မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သီဟစည်သူ**



*စာမျက်နှာ ၆ မှ*

ပြောင်းလဲခြင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်သည်၊ တွန်းအားပေး ပြောင်းလဲနိုင်သည်ဟု ဆိုနိုင်ပေသည်။

ခရီးသွားလုပ်ငန်းသည် အစိုးရအချင်းချင်း ဆက်ဆံမှု (Government to Government Relationship)၊ အစိုးရနှင့် ပုဂ္ဂလိကဆက်ဆံမှု (Government to Private Citizens Relation–ship)၊ ပုဂ္ဂလိကအချင်းချင်း အပြန်အလှန် ဆက်သွယ်ဆက်ဆံမှု (Citizens to Citizens Relationship) တို့ကို တိုးတက်ကောင်းမွန်စေပြီး ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက် မျှဝေဖလှယ်မှုတို့တွင် ထိရောက်သော အကျိုးဖြစ်ထွန်းမှုတို့ကို ဖြစ်ပေါ်စေသည်။ ယင်းအလေ့အထများကို အာဆီယံနှင့် မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းဖိုရမ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများတွင် ထူထောင်ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိနိုင်သည်။

**တရားဥပဒေ၏ အကာအကွယ်ကို လုံလောက်စွာ ပေးအပ်နိုင်ရမည်**

ထို့ပြင် ငြိမ်းချမ်းရေးဆိုသည့်နေရာတွင် လက်နက်ကိုင်သောင်းကျန်းမှုများသာမက တရားဥပဒေစိုးမိုးရေးကိစ္စရပ်များလည်း ပါဝင်ပါသည်။ တရားဥပဒေ၏ အကာအကွယ်ကို လုံလောက်စွာ မရရှိခြင်းသည်လည်း ခရီးသွားလုပ်ငန်းအပေါ် များစွာ သက်ရောက်မှုရှိသည်။ နိုင်ငံခြားသား ခရီးသွားများတွင်သာမက ပြည်တွင်းခရီးသွားများတွင်ပါ ဖြစ်လေ့ဖြစ်ထရှိသည့် ခိုးယူမှု၊ အကြမ်းဖက်လုယက်မှု၊ လူကုန်ကူးမှုနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများအား ခေါင်းပုံဖြတ် မတရားစေခိုင်းမှုများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုဖြစ်စဉ်တွင် အားနည်းချက်တစ်ရပ်ဖြစ်ပြီး ကုစားရန်ခက်ခဲသော အနုတ်လက္ခဏာဆောင်သည့် ပုံရိပ်တစ်ခုလည်းဖြစ်ပါသည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ခရီးသွားဧည့်သည်များကိုသာမက ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများကိုပါ တရားဥပဒေ၏ အကာအကွယ်ကို လုံလောက်စွာ ပေးအပ်နိုင်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါအချက်များအရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများတွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အဓိကကျသော အချက်များဖြစ်သည် ဆိုခြင်းပင်ဖြစ်သည်။ အညီအမျှအားဖြင့် ခရီးသွားလုပ်ငန်းသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရေးနှင့် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးတို့တွင် တိုက်ရိုက်၊ သွယ်ဝိုက် (သို့မဟုတ်) တစ်ဆင့်ခံအကျိုးသက်ရောက်စေခြင်းဖြင့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဖြစ်ပေါ်စေသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals– SDGs) (၁၇) ချက်တွင် အမှတ်စဉ်(၁၆)၌ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံခိုင်မာအားကောင်းလာရေးဟူသော အချက်တစ်ချက် ပါဝင်ပါသည်။ ယနေ့ ကမ္ဘာပေါ်တွင် အကောင်အထည်ဖော်သော လုပ်ငန်းအားလုံးတို့သည် ၎င်း SDGs (၁၇) ချက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း SDGs ကို လိုက်နာဦးတည်အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို တစ်တပ်တစ်အားပါဝင်အားဖြည့် ဖော်ဆောင်လျက်ရှိပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီး၏ နှစ်စဉ်ချမှတ်ခဲ့သော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်များကို ကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်-

- ၂၀၂၀ ပြည့်နှစ် - ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး (Tourism and Rural Development)
- ၂၀၂၁ ခုနှစ် - ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး (Tourism for Inclusive Growth)
- ၂၀၂၂ ခုနှစ် - ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့ (Rethinking Tourism)
- ၂၀၂၃ ခုနှစ် - ခရီးသွားလုပ်ငန်းနှင့်အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု (Tourism and Green Investment)

အထက်ပါဆောင်ပုဒ်များအနက် ၂၀၂၂ ခုနှစ် ဆောင်ပုဒ်တစ်ခုတည်းသာ ကိုဗစ်-၁၉ အလွန်ကာလ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ကြံဆဆောင်ရွက်နိုင်ရန် (Rethinking Tourism) ဟူသော ဆောင်ပုဒ်ကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်များ၏ ဆောင်ပုဒ်များကို လေ့လာကြည့်ပါက Sustainable Development Goals များနှင့် ဆက်စပ်ထင်ဟပ်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်ဆောင်ပုဒ်သည်လည်း စာရေးသူ အထက်ကတင်ပြခဲ့သည့်အတိုင်း ခရီးသွားလုပ်ငန်း၏ ပြောင်းလဲဖော်ဆောင်နိုင်သည့် အနေအထားတစ်ရပ်အတွင်းမှ ရေရှည်တည်တံ့သော ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အနေအထားတစ်ရပ်ကို မီးမောင်းထိုးပြသည့်အနေဖြင့် (Tourism and Sustainable Transformation) ဟူသော ဆောင်ပုဒ်ကို ချမှတ်ထားသည်။

ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ် (Tourism and Peace) နှင့် နောင်လာမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ် (Tourism and Sustainable Transformation) ဆောင်ပုဒ်နှစ်ခုကို ယှဉ်တွဲရင်း စဉ်းစားမိသည်မှာ(Tourism– Transfor–mation for Peace) ဆိုသော ဆောင်ပုဒ်ဆိုလျှင် ပို၍ကောင်းမည်လားဟုပင်။ “ငြိမ်းချမ်းရေး အတွက် ပြောင်းလဲမှုစွမ်းအား၊ တို့များရဲ့ ခရီးသွား” ဆိုလျှင်ဖြင့်။

ကမ္ဘာကြီးငြိမ်းချမ်းပါစေ။

ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ပါစေ။ ။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် စက်တင်ဘာ ၂၀** နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်း ပညာဆိုင်ရာ လုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်း ပညာဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများက Online Syetem ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို ကော်မတီက ချမှတ်ထားသည့် လမ်းညွှန်ချက်၊ မူဝါဒများနှင့်အညီ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် ဘဏ္ဍာနှစ်အလိုက် စီမံကိန်း လုပ်ငန်းများ လျာထားခြင်းများ ဆောင်ရွက်ရာ၌ ထိရောက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်စေရေး အတွက် ယခုလို လုပ်ငန်းဆပ်ကော်မတီ တစ်ခုချင်းစီအလိုက် အသေးစိတ် ညှိနှိုင်းဆွေးနွေး ရခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်း ဆပ်ကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်း လုပ်ငန်းများ လျာထားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွင့်ပြုမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် စီမံဆောင်ရွက်သွားကြရန်၊ လျာထားစီမံကိန်းလုပ်ငန်းများကို စနစ်တကျစိစစ်၍ အမှန်တကယ်လိုအပ်ချက်ရှိသည့် ဒေသများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့်အသက်မွေးဝမ်းကျောင်း ပညာဆိုင်ရာ လုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုပ်ငန်းဆပ်ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီး ဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာ ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ ဦးစားပေးအဆင့်အလိုက် လျာထားမှုအခြေနေများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့မှုအပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ် ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေး ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)ရှိ ရေဘေးသင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေများ ပေးအပ်




**နေပြည်တော် စက်တင်ဘာ ၂၀** သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ရှိ ရေဘေးသင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ရှိ ရေဘေးသင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ကျောက်ဆည်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**ကျောက်ဆည် စက်တင်ဘာ ၂၀** မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းကို စက်တင်ဘာ ၁၇ ရက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦးက သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူး ဦးအောင်ထားရွှေက သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၇၅ ဦး တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၂၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ပြန်/ဆက်)**

## ပန်းဘဲတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၀** ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမ အသင်းစု လီမိတက်ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သမဝါယမအသင်း၏ ဥပဒေများ၊ နည်းဥပဒေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင် ဒေါ်ရင်ရင်မြက ဖတ်ကြားပြီး အသင်းသားများထံမှ အတည်ပြုချက်များ ရယူခဲ့ကြသည်။ ထို့နောက် သမဝါယမအသင်းပေါင်း ၅၀ ၏ အစုပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမြင့်ကြိုင် တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်ရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့အနီးတစ်ဝိုက်နှင့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ မဟာဇနကကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ မဟာဇနကကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏာရပအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တပ်ကုန်းမြို့ မဟာဇနကကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား လူသုံးကုန်များ ထောက်ပံ့စဉ်။

ထို့နောက် အဆိုပါကျောင်းတိုက်ရှိ မဟာဇနကဗိမာန်တော်၌ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အနုပညာရှင်များက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ အားပေးစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ M Entertainment Channel နှင့် Elavate Broadcast Myanmar Co.,Ltd တို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် ဆေးဝါးများကိုထောက်ပံ့ပေးအပ်ကြသည်။



ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် ယုန်လေး၊ ဂျင်နီ၊ ဟာသပညာရှင်များဖြစ်ကြသည့် အကယ်ဒမီအုန်းသီး၊ ဒိန်းဒေါင်နှင့် အနုပညာရှင်များ၊ MRTV မှ ဝန်ထမ်းတေးသံရှင်များက ရေဘေးသင့်ပြည်သူများ စိတ်ဓာတ်ခွန်အား တက်ကြွစေမည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်ပေးစေလိုသည်များကို မေးမြန်း၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ မဟာဇနကကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်းတွင် အနော်ရထာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်နှင့် မြောက်ရွေးစုကျေးရွာ၊ စုစုပေါင်းရပ်ကွက်/ကျေးရွာ သုံးခုမှ အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၂၄၉ ဦးတို့အား ကူညီကယ်ဆယ် စောင့်ရှောက်ထားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသီဟဉာဏအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမြင့်ကြိုင် တပ်ကုန်းမြို့ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးများနှင့် အတူ အနုပညာရှင်များက လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြား၍ အားပေးစကားများ ပြောကြားကြကာ ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ M Entertainment Channel နှင့် Elavate Broadcast Myanmar Co.,Ltd တို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ MRTV မှ ဝန်ထမ်းတေးသံရှင်များက စိတ်ဓာတ်ခွန်အား တက်ကြွစေမည့်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပျဉ်းမနားမြို့မဟာလယ်တီစံကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

အဆိုပါ ချမ်းမြေ့မြိုင်ဘုန်းကြီးကျောင်းတွင် အနော်ရထာရပ်ကွက်၊ အဆုံဇီးကုန်း၊ ရှောက်ကုန်း၊ လက်ပံကုန်း၊ မြောက်ရွေးစုနှင့် ချောင်းဝကျေးရွာတို့မှ စုစုပေါင်းရပ်ကွက်/ ကျေးရွာ ခြောက်ခုမှ အိမ်ထောင်စု ၁၂၇ စု လူဦးရေ ၄၂၀ တို့အား ကူညီကယ်ဆယ်စောင့်ရှောက်ထားခြင်း ဖြစ်သည်။

တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ M Entertainment Channel နှင့် Elavate Broadcast Myanmar Co.,Ltd တို့မှ လူသုံးကုန်၊ စားသောက်ကုန်များနှင့် ဆေးဝါးများ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၁၄၀၀၀ ကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ အနုပညာရှင်များကလည်း အလှူငွေနှင့် စားသောက်ကုန်များကို လည်းကောင်း လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ပြီး ရာဂီမုန်တိုင်းတိုက်ခတ်ခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် တပ်ကုန်းမြို့အနီးတစ်ဝိုက်နှင့် ကျေးရွာများတွင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပွား၍ ဓာတ်တိုင်များ ပြိုလဲခဲ့ပြီး စက်တင်ဘာ ၁၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခဲ့သော်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံထုတ်လွှင့်မှုများ ပြတ်တောက်မှု မရှိစေရေးအတွက် ၁၂၅၀ ကေဗွီအေ Generator မီးစက်ကြီး နှစ်လုံးဖြင့် စက်တင်ဘာ ၁၅ ရက်အထိ အလှည့်ကျမောင်းနှင်ဆောင်ရွက်ခဲ့မှု၊ ဂါလန် ၈၀၀၀၀ ဆံ့ ရေစုကန်မှတစ်ဆင့် ၁၆ ကေဗွီအေ အင်ဂျင်မီးစက်ဖြင့် မောင်းနှင်၍ ပင်မအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ အတွက် ရေပြတ်တောက်မှု မရှိစေရေး စီစဉ်ဆောင်ရွက်ခဲ့မှု၊ ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်ဖြင့် မြေအောက်ရေစုဆောင်းဖြန့်ဝေခဲ့မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးကြီးမားသည့် မီးစက်ကြီးများ ပုံမှန်ကြံ့ခိုင်ရေးပြုလုပ်ပြီး စမ်းသပ်မောင်းနှင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ရန်နှင့် ယင်းအတွက် အရန်ပစ္စည်းများလည်း အသင့်ရှိရန်၊ ရေစုကန်များတွင် ရေအမြဲမပြတ်စုဆောင်းထားရှိပြီး မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက်လည်း အသင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ပျဉ်းမနားမြို့နယ် သပြေတောင်တောရကျောင်းတိုက်နှင့် မဟာလယ်တီစံကျောင်းတိုက်တို့၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေး စခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ အားပေးစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် နိုင်ငံကျော်ဟာသပညာရှင်များဖြစ်ကြသည့် အကယ်ဒမီအုန်းသီးနှင့် ဒိန်းဒေါင်တို့က ရေဘေးသင့်ပြည်သူများ စိတ်ဓာတ်ခွန်အား တက်ကြွစေမည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါသပြေတောင်တောရကျောင်းတိုက်တွင် ရပ်ကွက် / ကျေးရွာများမှ ရေဘေးသင့်ပြည်သူ စုစုပေါင်းဦးရေ ၃၅၀ နှင့် မဟာလယ်တီစံကျောင်းတိုက်တွင် ရပ်ကွက် / ကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၃၉၉ ဦးတို့ကို ကူညီကယ်ဆယ်စောင့်ရှောက်ထားကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လူသုံးကုန်၊ စားသောက်ကုန်များနှင့် ဆေးဝါးများ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၅၀ အား လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (အရှေ့အလယ်ပိုင်းမှ ကမ္ဘာဆုံးတိုင်ပဋိပက္ခ)

ကိုကိုလှိုင်



Operation Shield and Arrow ဖြင့် ၂၀၂၃ ခုနှစ် မေ ၁၂ ရက်က ဂါဇာမြောက်ပိုင်း ဘိတ်လဟီယာရှိ အဆောက်အအုံတစ်ခုကို အစ္စရေးတိုက်လေယာဉ်များတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ဤနေရာဒေသတွင် ကမ္ဘာ့ရှေးအကျဆုံး ယဉ်ကျေးမှု လူ့အဖွဲ့အစည်း Civilization စတင်ခဲ့သည်။ ဤနေရာမှာပင် ကမ္ဘာ့အရှည်ကြာဆုံး ပဋိပက္ခက ရှိနေပြန်သည်။ ဤနေရာ၏ အမည်သညာ ခေါ်တွင်ရာကား "အရှေ့အလယ်ပိုင်းဒေသ" ဖြစ်လေသည်။

စင်စစ်၌ "အရှေ့အလယ်ပိုင်း" ဆိုသည်မှာ အနောက်တိုင်းသားတို့၏ သူတို့ရပ်တည်ရာမှ လှမ်းမျှော်ကြည့်သည့် အခေါ်ဖြစ်၏။ ပထဝီဝင်ဘာသာရပ်ဆိုင်ရာအမည်ကား အနောက်အာရှ၊ ဒေသခံအာရပ်တို့၏အခေါ်ကား "အယ်လ်ရှတ် အယ်လ်အော်ဆတ်" (Alsharq Al' Awsat) (အရှေ့အလယ်ပိုင်း) သို့မဟုတ် မာရှရစ် (Mashriq) (နေထွက်ရာအရပ်)ဟု ခေါ်ကြသည်။ ယင်းမာရှရစ် နယ်မြေမှ အနည်းငယ်ပိုကျဉ်း၍ ယခုခေတ် ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ဂျော်ဒန်တို့ ပါဝင်သော နယ်မြေကိုမူ လီဗန့် (Levant) (အရှေ့) ဟု ခေါ်သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခသည် အခြေခံအားဖြင့် ဂျူးလူမျိုးနှင့် အာရပ်လူမျိုးစုတို့၏ ပဋိပက္ခဖြစ်၏။ နောင်သော်ကိုးကွယ်ရာဘာသာများအကြား ပဋိပက္ခအသွင်ပါ ဆောင်လာ၍ ရဟူဒီဘာသာဝင် (ဂျူး)များနှင့် အစ္စလာမ်ဘာသာဝင်(အာရပ်ဆွေမျိုး)၊ ပါရှန်(ရှီယိုက်)တို့၏ ပဋိပက္ခအဖြစ်လည်း ကျယ်ပြန့်လာသည်။

ဤပဋိပက္ခ၏ စတင်မြစ်ဖျားခံရာမှာ ကမ္ဘာဦး အစကပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ခရစ်ယာန်ဘာသာဝင်တို့၏ ဓမ္မဟောင်းကျမ်း (Old Testa- ment) အပါအဝင်ဖြစ်သော အာဒိကပ္ပ ကမ္ဘာဦးကျမ်း (The Book of Genesis) အရ ဣသရေလ လူမျိုး (အစ္စရေး) များနှင့် အာရပ်လူမျိုးများသည် ဧဗြာဟံ (Abram)ဟုခေါ်သော နယ်မြေအကြီးအကဲ တစ်ဦးထံမှ ဆင်းသက်လာခဲ့သည့် ဖအေတူ၊ မအေကွဲ ညီနောင်များဖြစ်သည်ဆို၏။ ဧဗြာဟံနှင့် ဇနီးကြီး ဆာရာ (Sarah) တို့မှ မွေးဖွားသူ အီဆတ်(Isaac) (သားငယ်)နှင့် ကိုယ်လုပ်တော် မောင်းမငယ် ဟာဂါ (Hagar)တို့မှ အလျင် မွေးဖွားသူ အစ္စမေး(Ismael) တို့အကြား မိခင်ချင်းမပြေနိုင်သည့် အာဃာတများမှ တစ်ဆင့် အမွေဆက်ခံလာသည့် ပဋိပက္ခများက ယနေ့ထက်တိုင် စစ်မီးများ မငြိမ်းနိုင်သေးဘဲ တောက်လောင်နေဆဲ ဖြစ်၏။

မြေပြင်မှ သမိုင်းအထောက်အထားများအရလည်း ရှေးယခင်ကစ၍ ဤဒေသတွင် အစ္စရီလိုက်၊ ဖီလစ္စတင်းနှင့် အီဂျစ်လူမျိုးစုများအကြား အားပြိုင်စစ်ထိုး လွှမ်းမိုးမှုများဖြင့် ပဋိပက္ခများ စဉ်ဆက်မပြတ် ရှိနေခဲ့သည်။ ရောမ၊ အောတိုမန်၊ ပါရှန်၊ အစ္စလမ္မစ်ခါလီဖိတ် အင်ပါယာများ ခေတ်တွင်လည်း ဤနယ်မြေ၌ စစ်မီးမငြိမ်းခဲ့၊ ခေတ်များပြောင်းကာ ၂၀ ရာစု စက်မှုခေတ်တိုင်အောင် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်တို့၌လည်း ဤနယ်မြေမှာ အေးချမ်းသည်ဟု မရှိခဲ့ပေ။

**အာရပ်-အစ္စရေး စစ်ပွဲများ**

ရောမအင်ပါယာလက်ထက် အေဒီ ၁ ရာစု ခန့်မှစ၍ အစုလိုက်အပြုံလိုက် နေရပ်မှ စွန့်ခွာကြရကာ နိုင်ငံပျောက်ခဲ့ရသော ဂျူးလူမျိုးများသည် ကမ္ဘာအရပ်ရပ်၌ ပြန့်ကျဲနေထိုင်ကြရာမှ ပထမကမ္ဘာစစ်အပြီး ဗြိတိသျှကာကွယ်စောင့်ရှောက်မှုအောက်တွင် ယင်းတို့၏ မူလဘူတနယ်မြေဒေသသို့ ပြန်လည်ဝင်ရောက် အခြေချကြရာတွင် ထိုနယ်မြေများ၌ နှစ်ပေါင်းထောင်နှင့်ချီ၍ နေထိုင်အခြေကျခဲ့ကြပြီးဖြစ်နေသော ပါလက်စတိုင်း အာရပ်များနှင့် ပဋိပက္ခ ဖြစ်ကြရပြန်တော့သည်။

ဒုတိယကမ္ဘာစစ်လွန်သော် ကုလသမဂ္ဂ၏ ကြားဝင်ဖြေရှင်းမှုဖြင့် ၁၉၄၈ ခုနှစ်တွင် ထိုဒေသကို အစ္စရေးနှင့် ပါလက်စတိုင်းဟု လူမျိုးအလိုက် နှစ်နိုင်ငံခွဲခြား သတ်မှတ်ပေးခဲ့သော်လည်း၊ ပါလက်စတိုင်း အာရပ်တို့အတွက် နယ်မြေခွဲဝေမှု နည်းပါးသည်ဟု ယူဆသဖြင့် မကျေမနပ်သောကြောင့်လည်းကောင်း၊ အာရပ်ဒေသအတွင်း ကမ္ဘာ့ရန်ဖြစ်သော ရဟူဒီဘာသာဝင် ဂျူးလူမျိုးတို့ နိုင်ငံသစ် ထူထောင်လာမည်ကို မရှုဆိတ် လက်မခံလိုသော အာဃာတစိတ်ကြောင့်လည်းကောင်း၊ ဂျူးနိုင်ငံသစ် ထူထောင်သည့် ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်နေ့မှစ၍ ပတ်ဝန်းကျင်မှ အာရပ်ငါးနိုင်ငံက အစ္စရေးကို ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် အာရပ်-အစ္စရေး ပထမစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။

ထိုစစ်ပွဲတွင် အစ္စရေးတို့က အနိုင်ရရှိခဲ့ပြီး အတင်းအကျပ်နှင်ထုတ်ခဲ့မှုကြောင့် ပါလက်စတိုင်း၊ အာရပ် ၇၅၀၀၀၀ ခန့်မှာ နယ်မြေပျောက်၍ ဒုက္ခသည်ဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ ယခုအခါ ပါလက်စတိုင်းဒုက္ခသည် ခြောက်သန်းခန့်ရှိနေပြီး အများစုမှာ အစ္စရေးနယ်နိမိတ်မျဉ်းမှ ကီလိုမီတာ ၁၀၀ (၆၂ မိုင်)အတွင်း နေထိုင်ကြရသည်ဟုဆိုသည်။ သုံးပုံတစ်ပုံခန့်မှာ လက်ဘနွန်၊ ဂျော်ဒန်၊ ဆီးရီးယား၊ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင် (ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ) တို့ရှိ ဒုက္ခသည် စခန်း ၅၈ ခုတွင် နေထိုင်ကြရသည်။

လက်ရှိ အခြေအနေတွင် စတုရန်းမိုင် ၁၄၀ ခန့်သာရှိသော ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း လူမျိုးနှစ်သန်းကျော် နေထိုင်လျက်ရှိကြသည်။ (ယခုဖြစ်ပေါ်နေသော ပဋိပက္ခကြောင့် ပါလက်စတိုင်း ၅၀၀၀၀ နီးပါး သေဆုံးခဲ့ပြီ ဖြစ်သည်ဟု ဆိုပါသည်။)

၁၉၄၈ ခုနှစ် စစ်ပွဲပြီးနောက်တွင် ၁၉၅၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၂ ခုနှစ်တို့တွင် အာရပ်-အစ္စရေးစစ်ပွဲများ ထပ်မံဖြစ်ပွားခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကြိုးပမ်းအားထုတ်မှုများ လုံးလုံးလျားလျား ကင်းမဲ့နေသည်တော့ မဟုတ်ပေ။ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံဖြစ်ပြီး အစ္စရေးကို ကူညီစောင့်ရှောက်ပေးနေသည့် နိုင်ငံလည်းဖြစ်သော အမေရိကန်နိုင်ငံ၏ ကမကထပြုမှုဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့ အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြပြီး ၁၉၇၈ခုနှစ် အမေရိကန် သမ္မတ ကာတာ လက်ထက်တွင် ဒေးဗစ်စခန်း သဘောတူညီချက်၊ သမ္မတကလင်တန်လက်ထက်တွင် ၁၉၉၃ ခုနှစ် အော့စလိုသဘောတူညီချက် (ပထမအကြိမ်)နှင့် ၁၉၉၅ ခုနှစ် အော့စလိုသဘောတူညီချက် (ဒုတိယအကြိမ်) တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် သီးခြားနှစ်နိုင်ငံ (Two State) ထူထောင်ရေး အယူအဆ**

မှတ်သားဖွယ်ကောင်းသော အချက်နှစ်ရပ်မှာ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးသဘောတူစာချုပ်များမှာ

*စာမျက်နှာ ၁၁ သို့*

❒ **အာရပ်-အစ္စရေး ငြိမ်းချမ်းရေးလမ်းကြောင်းသည် ပန်းခင်းလမ်းမဟုတ်ဘဲ အပြစ်မဲ့ပြည်သူများမှသည် ထိပ်သီးခေါင်းဆောင်များအထိ အသက်သွေးပေါင်းများစွာရင်းနှီးခဲ့ရပြီး ခလုတ်တံသင်း ဆူးငြောင့်များဖြင့် ပြွမ်းတီးသော ခယောင်းလမ်းဖြစ်နေ**

❒ **ဤပြဿနာ၏အဖြေမှာ ၁၉၄၈ ခုနှစ် ပါလက်စတိုင်းနှင့် အစ္စရေးတို့ လွတ်လပ်ရေးကြေညာချိန်ကပင် ထင်ရှားစွာပါဝင်ခဲ့ပြီဖြစ်သော သီးခြားနှစ်နိုင်ငံ ထူထောင်ရေးပင်ဖြစ်၏။ သို့သော် ဤအဖြေကို နှစ်ဖက်စလုံးက လက်မခံနိုင်ကြသဖြင့်သာ ယနေ့ထက်တိုင်အောင် ပဋိပက္ခသက်ဆိုးရှည်နေရခြင်းပင်ဖြစ်**

*စာမျက်နှာ ၁၀ မှ*

အမေရိကန်နိုင်ငံတွင် သဘောထားပျော့ပျောင်းသည့် ဒီမိုကရက်ပါတီသမ္မတများ (ဂျင်မီကာတာနှင့် ဘီလ်ကလင်တန်) လက်ထက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် လက်မှတ်ထိုးခဲ့ကြသော အာရပ်နှင့် အစ္စရေးခေါင်းဆောင်နှစ်စုံတွဲ (ဒေးဗစ်စခန်းတွင် အီဂျစ်သမ္မတ အန်ဝါဆာဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် မီနာချမ်ဘီဂင်၊ အော်စလိုတွင် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်နှင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်) စလုံး နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရရှိခဲ့ကြခြင်းဖြစ်သည်။

ဒေးဗစ်စခန်း သဘောတူညီချက်တွင် အဓိကအားဖြင့် အစ္စရေးက သိမ်းပိုက်ထားသော ဂါဇာနှင့် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနယ်မြေများတွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ထူထောင်ရေး၊ ယင်းနယ်မြေများမှ အစ္စရေးတပ်ဖွဲ့နှင့် အရပ်သားများ ဆုတ်ခွာပေးရေး၊ ပါလက်စတိုင်းပြည်သူများအား ငါးနှစ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝပေးရေးတို့ဖြစ်သည်။ နောက်ဆက်တွဲ အပြန်အလှန်အဖြစ် အစ္စရေးနိုင်ငံ တည်ရှိမှုကို အီဂျစ်နိုင်ငံက အသိအမှတ်ပြုခဲ့ကာ အမေရိကန်ကလည်း ထိုနှစ်နိုင်ငံစလုံးကို ဒေါ်လာဘီလီယံနှင့်ချီ၍ အကူအညီပေးခဲ့သည်။ **(အစ္စရေးကို အသိအမှတ်ပြုခဲ့မှုကြောင့် အာရပ်နိုင်ငံများက အမျက်ထွက်ခဲ့ကြပြီး အီဂျစ်ကို အာရပ်အဖွဲ့ချုပ်မှ ထုတ်ပစ်ကာ သမ္မတ ဆာဒတ်မှာလည်း ၁၉၇၉ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။)**

အော့စလို သဘောတူညီချက်နှစ်ရပ်မှာ အထက်ပါ ဒေးဗစ်စခန်း သဘောတူညီချက်ကိုပင် အခြေခံ၍ ဆွေးနွေးရရှိခဲ့ခြင်းဖြစ်၏။ အဓိကအားဖြင့် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ (Palestine Authority) ကို ဖွဲ့စည်းရေး၊ အနောက်ဘက်ကမ်းဒေသတွင် ပါလက်စတိုင်းထိန်းချုပ်နယ်မြေ၊ အစ္စရေးထိန်းချုပ်နယ်မြေနှင့် ရောနှောထိန်းချုပ်နယ်မြေ (အစ္စရေးစစ်ဘက်နှင့် ပါလက်စတိုင်း အရပ်ဘက် ရောနှောအုပ်ချုပ်မှု) ဟူ၍ ခွဲခြားအုပ်ချုပ်ရေး၊ ဂါဇာနှင့် ဂျယ်ရီချိုဒေသမှ အစ္စရေးတပ်များ ဆုတ်ခွာပေးရေးတို့ကို သဘောတူခဲ့ကြသည်။ **(ဤဆွေးနွေးပွဲအပြီး ၁၉၉၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အစ္စရေးဝန်ကြီးချုပ် ရာဘင်ကို ဂျူးအစွန်းရောက်တစ်ဦးက လုပ်ကြံခဲ့ပြီး ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်မှာလည်း ၂၀၀၄ ခုနှစ်တွင် အဆိပ်ခတ်ခံရ၍ သေဆုံးခဲ့သည်။)**

ဤဖြစ်ရပ်များက ရည်ညွှန်းနေသည်မှာ အာရပ်-အစ္စရေး ငြိမ်းချမ်းရေးလမ်းကြောင်းသည် ပန်းခင်းလမ်းမဟုတ်ဘဲ အပြစ်မဲ့ပြည်သူများမှသည် ထိပ်သီးခေါင်းဆောင်များအထိ အသက်သွေးပေါင်းများစွာ ရင်းနှီးခဲ့ရပြီး ခလုတ်တံသင်း ဆူးငြောင့်များဖြင့် ပြွမ်းတီးသော ခယောင်းလမ်းဖြစ်နေသည်ကို ထင်ရှားစွာ တွေ့ရပေသည်။

စင်စစ်၌ ဤပြဿနာ၏အဖြေမှာ ၁၉၄၈ ခုနှစ် ပါလက်စတိုင်းနှင့် အစ္စရေးတို့ လွတ်လပ်ရေးကြေညာချိန်ကပင် ထင်ရှားစွာပါဝင်ခဲ့ပြီဖြစ်သော သီးခြားနှစ်နိုင်ငံ ထူထောင်ရေးပင် ဖြစ်၏။ သို့သော် ဤအဖြေကို နှစ်ဖက်စလုံးက လက်မခံနိုင်ကြသဖြင့်သာ ယနေ့ထက်တိုင်အောင် ပဋိပက္ခသက်ဆိုးရှည်နေရခြင်းပင် ဖြစ်လေသည်။

**သီးခြားနှစ်နိုင်ငံ အယူအဆနှင့်**
**ရေတစ်လှည့် မီးတစ်လှည့်ကာလများ**

အစ္စရေးနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂကထူထောင်ပေးခဲ့သော အစ္စရေးနှင့် ပါလက်စတိုင်း သီးခြားနှစ်နိုင်ငံဘဝမှ ဖြစ်တည်မှု စတင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အာရပ်နိုင်ငံအားလုံးလိုလို ဂျူးလူမျိုးတို့၏ နိုင်ငံသစ်တစ်ခု ပေါ်ထွန်းလာမည်ကို မလိုလားသည့်အတွက် အစ္စရေးကိုဝိုင်း၍ တိုက်ခဲ့ကြသည်။ သို့သော် အကျိုးရလဒ်မှာ ယင်းတို့လိုလားသည်နှင့် ပြောင်းပြန်ဖြစ်သွားသည်။ ပါလက်စတိုင်းနိုင်ငံပျောက်၍ ပါလက်စတိုင်းအတွက် သတ်မှတ်ထားသော နယ်မြေအားလုံးကို အစ္စရေးက သိမ်းပိုက်လိုက်သည်။ ပါလက်စတိုင်းအများစု ထွက်ခွာသွားရကာ နိုင်ငံမဲ့ဒုက္ခသည်များ ဖြစ်သွားကြသည်။

နောက်ပိုင်းတွင် အာရပ်တို့ အင်အားစုစည်းမိလာတိုင်း အစ္စရေးကိုစစ်ဆင်နွှဲရန် ကြိုးစားရာ အစ္စရေးကလည်း လက်ဦးမှုယူ၍ အလျင်ဦးအောင် တိုက်လေ့ရှိသည်။ ၁၉၇၃ ခုနှစ် ယွန်ကစ်ပူး စစ်ပွဲတစ်ခုသာလျှင် အာရပ်ဘက်မှ စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အစ္စရေးတို့က အများနှင့်တစ်ယောက်ဖြစ်၍ စစ်ရေးစွမ်းရည်ကို အစဉ်ထက်မြက်အောင် လုပ်ဆောင်ထားခြင်း၊ ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာကျင့်သုံးနိုင်ခြင်းနှင့် နောက်ပိုင်းမှ မဟာအင်အားကြီး အမေရိကန်နိုင်ငံက အစစကူညီပံ့ပိုး ထောက်ပံ့နေခြင်းတို့ကြောင့် အင်အားနည်းပါးလျက် အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

တင်ပြခဲ့သည့်အတိုင်း ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား အတော်အတန်ညှိနှိုင်းပြေလည်မှုရရှိခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ကာ ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သီးခြား ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအထိ မျှော်မှန်းလုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

သို့ရာတွင် သဘောထားပြင်းထန်သူများ အာဏာရရှိလာချိန်၌မူ ထိပ်တိုက်ဆန့်ကျင်မှု ပိုမိုများပြားပြီး အစ္စရေးအစိုးရဘက်ကလည်း လူအုပ်ဖွဲ့အုံကြွမှုများအား မျက်ရည်ယိုဗုံး၊ အဓိကရုဏ်းနှိမ်နင်းရေး သေနတ်များဖြင့် ပစ်ခတ်နှိမ်နင်းခြင်း၊ အကြမ်းဖက်ကျူးလွန်သူများကို နေရာတွင်ပင် သုတ်သင်ရှင်းလင်းပြီး အကြမ်းဖက်သမား၏ နေအိမ်ကိုလည်း မြေထိုးစက်ဖြင့် ဖြိုချဖျက်ဆီးခြင်း စသည့်နည်းလမ်းများဖြင့် အင်အားသုံး ဖြေရှင်းခဲ့သည်။

> ❂ **ဟားမားစ်တို့၏ တိုက်ခိုက်မှုပြုလုပ်တိုင်း အစ္စရေးတို့ကလည်း ဂါဇာနယ်မြေအတွင်းသို့ လေကြောင်းမှ ဗုံးကြဲခြင်း၊ အမြောက်သံချပ်ကာနှင့် ခြေလျင်တပ်များဖြင့် ဝင်ရောက်ချေမှုန်းခြင်းတို့ကို ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့**
>
> ❂ **အစ္စရေးတို့၏ ပြင်းထန်သော ပစ်အားဒဏ်ကြောင့် ဂါဇာဒေသတွင် အကြီးအကျယ် သေကျေပျက်စီးမှုများ ဖြစ်ခဲ့သည့်အပြင် ပါလက်စတိုင်းတို့ကို အပြစ်ပေးသည့်အနေဖြင့် ရေဖြတ်၊ မီးဖြတ်၊ ဆီဖြတ်၊ အစ္စရေးနယ်မြေသို့ ဝင်ရောက်အလုပ်လုပ်ခွင့်ပိတ်ဆို့ စသည့် ဖြတ်တောက်ပိတ်ဆို့မှုများကြောင့် ဂါဇာဒေသရှိ ပါလက်စတိုင်းများမှာ ဒုက္ခပေါင်းစုံကို ခါးစည်း၍ ခံခဲ့ကြရ**

သို့ရာတွင် ၁၉၈၂ ခုနှစ်၌ အစ္စရေးက လက်ဘနွန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးသည့်နောက်ပိုင်း အာရပ်နိုင်ငံများနှင့် အစ္စရေးအကြား နိုင်ငံချင်း စစ်ပွဲများ မဖြစ်ပွားတော့သော်လည်း အစ္စရေးနိုင်ငံအတွင်း ပါလက်စတိုင်းနယ်မြေများ၌ ကျန်ရစ်ခဲ့ကြသည့် ပါလက်စတိုင်း၊ အာရပ်များနှင့် အစ္စရေးတို့အကြား အာဃာတမီးက ငြိမ်းအေးမသွားဘဲ အကြောင်းသင့်တိုင်း အရှိန်မြင့်စွာတောက်လောင်ခဲ့သည်။ အထူးသဖြင့် အစ္စရေးနိုင်ငံ၌ သဘောထားတင်းမာသည့် လီကွဒ်ပါတီအာဏာ ရရှိသည့်ကာလများ၌ အစ္စရေးနှင့် ပါလက်စတိုင်းလူ့အဖွဲ့အစည်းနှစ်ရပ်အကြား ပဋိပက္ခကြီးမားလေ့ရှိသည်ကို တွေ့ရ၏။

ပါလက်စတိုင်းတို့မှာ အာဏာလက်မဲ့ လူနည်းစုဖြစ်ရာ သဘောထားတင်းမာသည့် အစ္စရေးအစိုးရကို ဆန့်ကျင်တွန်းလှန်ရာတွင် လူအုပ်စုဖွဲ့၍ မင်းမဲ့စရိုက်ဆန်ဆန်ရရာနည်းဖြင့် ရရာလက်နက်ကို သုံးကာ တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်သည့်နည်းများတွင် ဂျူးလူမျိုးများကို ဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်၊ ကားနှင့်တိုက်ခြင်း၊ ခဲနှင့်ပေါက်ခြင်းမှသည် ဗုံးခွဲခြင်းနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများအထိ ပါဝင်သည်။ ဤသို့ လူအင်အားဖြင့် အုပ်ဖွဲ့အုံကြွမှုကို အင်တီဖာဒါလှုပ်ရှားမှု (Intifada) ဟုခေါ်ပြီး ၁၉၈၇ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် အကြီးကျယ်ဆုံး Intifada များ ဖြစ်သွားခဲ့၏။ ပထမအင်တီဖာဒါအုံကြွမှုတွင် လူပေါင်း ၃၀၀၀ ခန့်၊ ဒုတိယအင်တီဖာဒါတွင် လူပေါင်း ၄၃၀၀ ခန့် သေဆုံးခဲ့ပြီး ယင်းအရေအတွက်၏ သုံးပုံ နှစ်ပုံကျော်ခန့်မှာ ပါလက်စတိုင်းများ ဖြစ်ကြလေသည်။

အစ္စရေးနိုင်ငံ၌ သဘောထားပျော့ပျောင်းသည့် လေဘာပါတီ အာဏာရရှိချိန်များ၌မူ အထက်တွင် သည်။ အလွန်သဘောထား ပြင်းထန်သည့် အစ္စရေးဝန်ကြီးချုပ်ဟောင်း အေရီယယ်ရှရွန်၏လက်ထက် (၂၀၀၁-၂၀၀၆)တွင် သိမ်းပိုက်ပါလက်စတိုင်းနယ်မြေများကို တံတိုင်းကာရံခြင်း၊ ဂါဇာနှင့် အနောက်ဘက်ကမ်း ပါလက်စတိုင်းနယ်မြေများတွင် အစ္စရေးမိသားစုများကို ဝင်ရောက်အခြေချနေထိုင်စေပြီး၊ အိမ်ရာများ ဆောက်လုပ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

အကျိုးဆက်အနေဖြင့် ပါလက်စတိုင်းဘက်မှ အစ္စရေးဘက်ရှိမြို့ရွာများကို ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်ခြင်းများ နည်းပါးသွားခဲ့သော်လည်း ပါလက်စတိုင်းနယ်မြေအတွင်းရှိ ဂျူးအခြေချသူများအပေါ် တိုက်ခိုက်မှုများ ပြင်းထန်လာခြင်း၊ အထူးသဖြင့် ဂါဇာတွင် ၁၉၈၇ ခုနှစ်မှ စတင်ပေါ်ပေါက်လာသည့် ဟားမားစ်အကြမ်းဖက်အဖွဲ့က ပါလက်စတိုင်းဒေသတစ်ခုလုံးကို ပါလက်စတိုင်းအာရပ်နိုင်ငံသစ်ထူထောင်ရေးနှင့် အစ္စရေးနိုင်ငံလုံးဝချုပ်ငြိမ်းရေးဦးတည်ကာ အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခြင်းတို့ကြောင့် ဂါဇာမှ အစ္စရေးအခြေချသူများကို လုံးဝဆုတ်ခွာဖယ်ရှားကာ ပိုင်းခြားထားသည့် ခြံစည်းရိုးတံတိုင်းကို တင်းကျပ်စွာပိတ်ဆို့ထားခဲ့သည်။ အနောက်ဘက်ကမ်းဒေသတွင်မူ အစ္စရေးအခြေချနေထိုင်မှုများ ပိုမိုတိုးမြှင့်ကာ နယ်မြေများတိုးချဲ့ရယူ ထိန်းချုပ်ခဲ့သည်။

ထို့ပြင် ဂါဇာတွင်ပွတ်သိပ်နေထိုင်ရသည့် ပါလက်စတိုင်းတို့မှာ ယခင်က အစ္စရေးမြို့ရွာများဘက်သို့ ထွက်ခွင့်ရပြီး သီးနှံစိုက်ပျိုးခြံများတွင် အလုပ်လုပ်ကိုင်ခွင့်ရခဲ့ကြသော်လည်း ဂါဇာကို ပိတ်ဆို့ထားပြီးနောက် အလုပ်လက်မဲ့ဖြစ်ကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထို့အပြင် ဂါဇာဒေသကို အစ္စရေးက ထောက်ပံ့ပေးထားသည့် ရေ၊ မီး၊ စက်သုံးဆီတို့မှာလည်း အစ္စရေးက နိုင်ငံရေးအရ ထိန်းချုပ်ကန့်သတ်မှုများရှိခဲ့ရာ ပါလက်စတိုင်းတို့အတွက် ဘဝရပ်တည်မှုခက်ခဲလာကာ အစ္စရေးကို ပို၍မုန်းတီးလာခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ (အနောက်ဘက်ကမ်း + ဂါဇာ)၌ ရွေးကောက်ပွဲကျင်းပရာ အနောက်ဘက်ကမ်း၌ သဘောထားပျော့ပျောင်းသည့် PLO ဖာတာအဖွဲ့က အနိုင်ရရှိခဲ့သော်လည်း ဂါဇာဒေသ၌မူ သဘောထားပြင်းထန်သည့် ဟားမားစ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဤတွင် အစ္စရေး-ဟားမားစ် ထိပ်တိုက်ရင်ဆိုင်မှုဇာတ်လမ်း စခဲ့ခြင်းဖြစ်လေသည်။

**ပါလက်စတိုင်းတို့၏ သေမထူးနေမထူး**
**ဇာတ်လမ်းမှသည် ယွန်ကစ်ပူး နှစ်ငါးဆယ်ပြည့်**
**တိုက်ခိုက်မှုသို့**

ဂါဇာတွင် ဟားမားစ်အဖွဲ့ အနိုင်ရရှိခဲ့ပြီးနောက် အီရန်နိုင်ငံ၏ လျှို့ဝှက်ကူညီမှုဖြင့် အစ္စရေးလူနေမြို့ရွာများသို့ ဂါဇာမှ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ ထိုသို့ ဟားမားစ်တို့၏ တိုက်ခိုက်မှုပြုလုပ်တိုင်း အစ္စရေးတို့ကလည်း ဂါဇာနယ်မြေအတွင်းသို့ လေကြောင်းမှ ဗုံးကြဲခြင်း၊ အမြောက်သံချပ်ကာနှင့် ခြေလျင်တပ်များဖြင့် ဝင်ရောက်ချေမှုန်းခြင်းတို့ကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် Operation Cast Lead၊ ၂၀၁၂ ခုနှစ်တွင် Operation Pillar of Defense၊ ၂၀၁၄ ခုနှစ်တွင် Operation Protective Edge၊ ၂၀၂၁ မေလတွင် ၁၁ ရက်ကြာစစ်ပွဲ၊ ၂၀၂၂ တွင် သုံးရက်ကြာ ပဋိပက္ခနှင့် ၂၀၂၃ ခုနှစ် မေလတွင် Operation Shield and Arrow တို့ကို ပြုလုပ်ခဲ့ရာ အစ္စရေးတို့၏ ပြင်းထန်သော ပစ်အားဒဏ်ကြောင့် ဂါဇာဒေသတွင် အကြီးအကျယ် သေကျေပျက်စီးမှုများ ဖြစ်ခဲ့သည့်အပြင် ပါလက်စတိုင်းတို့ကို အပြစ်ပေးသည့်အနေဖြင့် ရေဖြတ်၊ မီးဖြတ်၊ ဆီဖြတ်၊ အစ္စရေးနယ်မြေသို့ ဝင်ရောက်အလုပ်လုပ်ခွင့် ပိတ်ဆို့ စသည့် ဖြတ်တောက်ပိတ်ဆို့မှုများကြောင့် ဂါဇာဒေသရှိ ပါလက်စတိုင်းများမှာ ဒုက္ခပေါင်းစုံကို ခါးစည်း၍ ခံခဲ့ကြရသည်။ ယင်းအတွက် အလွန်ခါးသီးသော နာကြည်းခံစားမှုများက အစ္စရေးအပေါ် အခဲမကျေနိုင်သော မုန်းတီးမှုနှင့် သေမထူးနေမထူး စိတ်များဖြင့် မိုက်မိုက်ကန်းကန်း အကြမ်းဖက်တိုက်ခိုက်လိုသည့်လမ်းကြောင်းပေါ်သို့ တွန်းတင်ပေးလိုက်သကဲ့သို့ ဖြစ်သွားခဲ့လေသည်။

၂၀၀၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန်၏ တွန်းအားပေးမှုကြောင့် အစ္စရေးအစိုးရများက အနောက်ဘက်ကမ်းရှိ သဘောထားပျော့ပျောင်းသော ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အခါအားလျော်စွာ ပြုလုပ်ခဲ့သော်လည်း နှစ်ဖက်ယုံကြည်မှုကို မတည်ဆောက်နိုင်ခဲ့သဖြင့် မအောင်မြင်ခဲ့ပေ။

၂၀၀၉ ခုနှစ် နောက်ပိုင်းတွင် စဉ်ဆက်မပြတ်အာဏာရရှိလာခဲ့သည့် လီကွဒ်ပါတီမှ သဘောထားပြင်းထန်သော ဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာဒေသမှ ဟားမားစ်တို့၏ တိုက်ခိုက်မှုများကို တန်ပြန်တိုက်ခိုက်မှုများဖြင့် “ဓား-ဓားချင်း၊ လှံ-လှံချင်း” တုံ့ပြန်ထိန်းချုပ်ထားပြီး သဘောထားပျော့ပျောင်းသည့် ဖာတာအဖွဲ့အုပ်ချုပ်သော အနောက်ဘက်ကမ်းဒေသကိုမူ ဂျူးအခြေချ နေထိုင်မှုများ ပိုမိုချဲ့ထွင်ဆောင်ရွက်၍ အစ္စရေးထိန်းချုပ်နယ်မြေ ပိုမိုကျယ်ပြန့်လာစေခဲ့သည်။ ပါလက်စတိုင်းတို့က နိုင်ငံထူထောင်လျှင် မြို့တော်အဖြစ် သတ်မှတ်ရန် ရည်စူးထားသည့် အရှေ့ဂျေရုဆလင်၌လည်း ဒေသခံပါလက်စတိုင်းတို့၏ အိမ်ခြံမြေများကို ဂျူးများက ငွေကြေးမတန်တဆပေး၍ ဝယ်ယူခြင်းဖြင့် ဂျူးလူနေအိမ်ခြေများ တိုးချဲ့လာခဲ့ကြသည်။ **(အစ္စရေးက ဂျေရုဆလင်တစ်မြို့လုံးကို နိုင်ငံမြို့တော်အဖြစ် တရားဝင်ကြေညာထားပြီး အမေရိကန်နိုင်ငံက သမ္မတထရမ့်လက်ထက်တွင် အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ စတင်သဘောအရွှေ့ပြုကာ အစ္စရေး၏ကြေညာချက်ကို အားပေးထောက်ခံခဲ့သည်။)**

*(ဆက်လက်ဖော်ပြပါမည်)*

# ကျန်းမာရေးဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ မှာယူထားသည့်ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂများ ထုတ်လုပ်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ မှာယူထားသည့် ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ၊ ပရိဘောဂများ ထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးရင်မောင်ညွန့်၊ ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆေးဝါးများအထူးကိစ္စအဖြစ် ရောင်းချပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဌာနကြီးများ၏ အမှာစာများအရ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂများကို နှစ်စဉ်ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စက်မှုဝန်ကြီးဌာနသို့ အမှာစာများ နှစ်စဉ်တိုးမြှင့်ဝယ်ယူလျက်ရှိပြီး ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် BPI ဆေးဝါးများအတွက် ကျပ် ၈၀ ဒသမ ၄၂၇ ဘီလီယံနှင့် ဆေးရုံသုံးပစ္စည်းနှင့် ပရိဘောဂများအတွက် ကျပ် ၉ ဒသမ ၈၃၄ ဘီလီယံ စုစုပေါင်း ကျပ် ၉၀ ဘီလီယံခန့်ဖြစ်သည့်အတွက် ယခင်နှစ်များထက် များစွာပိုမိုလာသည်ကိုတွေ့ရှိရကြောင်း၊ ယခုလတ်တလောအခြေအနေတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ရေဘေးသင့်ပြည်သူလူထုများအတွက် အရေးပေါ်လိုအပ်လျက်ရှိသည့် ကျန်းမာရေးအထောက်အကူပြုဆေးဝါးများကို နယ်မြေဒေသစုံမှ လှူဒါန်းသူများနှင့် အစိုးရဌာနများမှ လှူဒါန်းမှုများအတွက် အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းချပေးလျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးနိုင်ရေးအတွက် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက စက်မှုဝန်ကြီးဌာနမှ ပြည်သူများ လိုအပ်သည့်အခြေခံဆေးဝါးများကို တိုးမြှင့်ဝယ်ယူသွားမည်ဖြစ်သည့်အတွက် လိုအပ်သည့်ဆေးဝါးကုန်ကြမ်းများကို ကြိုတင်ဝယ်ယူထားစေလိုကြောင်း၊ ယခင်မှာယူထားသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကုသဆေးများ၊ ဓာတ်ဆားထုပ်များ၊ သွေးကြောသွင်းဆေးရည်များကို ဦးစားပေး ထုတ်လုပ်ပေးစေလိုကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဆေးဝါးများစွာလိုအပ်သဖြင့် မကူးစက်နိုင်သောရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုးကဲ့သို့သောရောဂါများ ကုသသည့်ဆေးဝါးများကို တိုးမြှင့်ထုတ်လုပ်စေလိုကြောင်း၊ ဆေးရုံတစ်ခု၏ အဆင့်အတန်းမြင့်မားစေရေး၊ အမြင်တင့်တယ်မှုရှိစေရေးတို့အတွက် ဆေးရုံသုံးပရိဘောဂပစ္စည်းများကို အဆင့်မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိသဖြင့် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် အရည်အသွေးကောင်းမွန်သော ဆေးရုံသုံးပရိဘောဂပစ္စည်းများကို နှစ်စဉ်တိုးမြှင့်မှာယူလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုရန် လိုအပ်သည့်ဆေးဝါးများစာရင်းနှင့် ပရိဘောဂစာရင်း များကို အချိန်မီပြုစုပေးပို့သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**မှာယူထားသည့်ဆေးဝါးများပေးပို့ပြီးစီးမှုဆွေးနွေး**

ယင်းနောက် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မှာယူထားသည့်ဆေးရုံသုံးပစ္စည်းများ၊ ပရိဘောဂများနှင့်ပတ်သက်၍ ထုတ်လုပ်ပြီးစီး၍ ပေးပို့ရန် စီမံဆောင်ရွက်နေမှု၊ ထုတ်လုပ်ရန် ကျန်ရှိနေမှု၊ ထုတ်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မှာယူထားသည့် ဆေးဝါးများ ထုတ်လုပ်ပေးပို့ပြီးစီးမှု၊ ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပေးရန် ကျန်ရှိနေသည့် ဆေးဝါးများ ထုတ်လုပ်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂများ မှာယူထားမှု၊ ရရှိမှု၊ ရရှိရန်ကျန်ရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၀**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမနှင့် သာသနာ့ဗိမာန်တို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများသို့ သွားရောက်တွေ့ဆုံအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်း၌ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး သင်တန်းမှပို့ချချက်များကို မိမိတို့၏ အတွေ့အကြုံများနှင့်ပေါင်းစပ်ကာ သန်းခေါင်စာရင်း မေးခွန်းအချက်အလက်များ စနစ်တကျ မေးမြန်းကောက်ယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း လိုကြောင်း၊ ယခုဒေသတွင် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့် အိမ်ထောင်စုများ များစွာရှိနေသည့်အတွက် မထပ်မကျန် ကောက်ယူနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရန် ၁၀ ရက်သာလိုတော့သည့်အတွက် မထပ်မကျန် ကောက်ယူနိုင်ရေးနှင့် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်မျှော်တွေး စီစဉ်ဆောင်ရွက် ထားကြရန် လိုကြောင်း ပြောကြားကာ သင်တန်းသား သင်တန်းသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းနည်းပြများ၏ သန်းခေါင်စာရင်းဆိုင်ရာ သင်ခန်းစာများ ဆွေးနွေးပို့ချနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့ သာသနာ့ဗိမာန်၌ ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းသို့ လည်းကောင်း၊ ဇေယျာသီရိမြို့နယ် စုပေါင်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းသို့ လည်းကောင်း သွားရောက်၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ သင်တန်းနည်းပြများ၏ သင်ခန်းစာ ဆွေးနွေးပို့ချနေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့ရှိ ငွေတောင်တောရပရိယတ္တိကျောင်းတိုက်၌ ဖွင့်လှစ်ထားရှိသည့် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့သည့် တပ်ကုန်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအလိုက် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စု လူဦးရေစာရင်းများကို အိမ်ထောင်စု ကိုယ်စားလှယ်များ ထံပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအတွက် သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပြု စပို့ရှပ်အင်္ကျီ၊ ဦးထုပ်များနှင့် အသုံးအဆောင်ပစ္စည်းများကို ဝေငှပေးအပ်ကာ ရေဘေးသင့်ပြည်သူများအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။

ထို့နောက် ငွေတောင်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို လျှောက်ထားသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို လာမည့်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်ရေးအတွက် ယခုအခါ မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အသီးသီး၌ ဖွင့်လှစ်၍ မြေပြင် တစ်အိမ်တက်ဆင်း ကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဆွေးနွေးပို့ချလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချမ်းမြသာစည်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်

**မန္တလေး စက်တင်ဘာ ၂၀** - ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းက သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာ ဆရာမ ၁၃ ဦးတို့က သင်တန်းသား၊ သင်တန်းသူ ၁၉၆ ဦးတို့အား စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လာအို မိုးလေဝသဌာနက ဒေသခံများအား ရေဘေးကြိုတင်ကာကွယ်ရေး သတိပေး



**ဗီယင်ကျန်း စက်တင်ဘာ ၂၀**
လာအိုနိုင်ငံရှိ ဒေသအချို့တွင် မိုးသက်မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားသောကြောင့် ရေကြီးရေလျှံမှုအတွက် ကြိုတင်ပြင်ဆင်ထားရန် လာအိုမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

နိုင်ငံတစ်ဝန်း လေပြင်းတိုက်ခတ်မှုကြောင့် စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေကြီးခြင်းနှင့် မြေပြိုမှုအန္တရာယ်များ ထပ်မံဖြစ်ပေါ်နိုင်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

အထူးသဖြင့် အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို အထူးသတိပြုရန်နှင့် မိုးလေဝသသတင်းများကို မပြတ်စောင့်ကြည့်ကာ မိမိတို့ပိုင်ဆိုင်သည့် ပစ္စည်းများနှင့် တိရစ္ဆာန်များကို ဘေးလွတ်ရာရွှေ့ပြောင်းထားရန် မိုးလေဝသဌာနနှင့် ဒေသခံအာဏာပိုင်များက အကြံပြုထားသည်။

လာအိုနိုင်ငံတစ်ဝန်း ပြည်နယ် ၁၅ ခုတွင် ဇူလိုင် ၁၈ ရက်ကစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီးနောက် ဆိုးရွားသည့် ရေကြီးမှုဒဏ်ကို ခံခဲ့ရသူ ၁၇၆၀၀၀ ကျော်ရှိသဖြင့် လာအိုအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် စေတနာ့ဝန်ထမ်းများ စေလွှတ်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆင်ဟွာ

## အိန္ဒိယ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေပံ့ပိုး



**နယူးဒေလီ စက်တင်ဘာ ၂၀**
အိန္ဒိယနိုင်ငံရှိ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေရန်နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ရေရရှိရေးနှင့် လူမှုအသိုက်အဝန်းများ ခံနိုင်ရည်ရှိစေရန်အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ ထုတ်ပေးရန် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) က စက်တင်ဘာ ၁၉ ရက်တွင် အတည်ပြုသည်။

အိန္ဒိယနိုင်ငံ မီဂါလာယာပြည်နယ်ရှိ ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် ရပ်ရွာလူထုအခြေပြု ရေအသုံးချမှုစနစ်ဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ရာသီဥတုပုံစံများနှင့် ကိုက်ညီမှုရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို မြှင့်တင်ဖော်ဆောင်ရန် ကူညီပေးမည်ဖြစ်ကြောင်း အေဒီဘီက ပြောကြားသည်။

အဆိုပါစီမံကိန်းသည် ခရိုင် ၁၂ ခုတွင် ရေသိုလှောင်နိုင်သည့် အဆောက်အအုံ ၅၃၂ လုံးကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အဆိုပါအဆောက်အအုံများကို မိုးရာသီကာလတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လျှပ်တစ်ပြက်ရေကြီးမှုများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန်အတွက် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိမှုအပေါ် အလေးပေး ဒီဇိုင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မနီလာအခြေစိုက် အေဒီဘီဘဏ်က ပြောကြားသည်။

အဆိုပါစီမံကိန်းသည် ဒေသခံလယ်သမားများအတွက် ဆည်ရေသောက်ဧရိယာ ဟက်တာ ၃၀၀၀ ကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကာ ဆည်တမံများတွင် သိုလှောင်ထားသောရေဖြင့် ဆောင်းရာသီတွင် စိုက်ပျိုးရေရရှိရေးနှင့် မိုးရာသီတွင် ရေကြီးရေလျှံမှု ကာကွယ်ပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း အေဒီဘီက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ဒမတ်စကတ်လေဆိပ်အနီး ဒရုန်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် ဟစ်ဇ်ဘိုလာတပ်မှူး သေဆုံး

**ဒမတ်စကတ် စက်တင်ဘာ ၂၀**
အီရတ်ရှိ ဟစ်ဇ်ဘိုလာ တပ်မဟာ၏ အကြီးတန်း တပ်မှူးတစ်ဦးဖြစ်သည့် အဘူဟိုင်ဒါသည် ဒမတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် အစ္စရေး ဒရုန်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် စက်တင်ဘာ ၁၉ ရက်က သေဆုံးသွားကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာများအရ သိရသည်။

အဆိုပါ တိုက်ခိုက်မှုသည် ယင်းနေ့ နံနက်အစောပိုင်းက ဆက်ယီဒါ ဇိုင်းနပ်ဘ်ဧရိယာရှိ လေဆိပ်နှင့်ကပ်လျက်လမ်းတစ်ခုတွင် တပ်မှူး၏ယာဉ်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ သက်တော်စောင့်လည်း ဒဏ်ရာများ ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် အစပိုင်းမှစ၍ အစ္စရေးသည် ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှု အကြိမ် ၅၀နှင့် မြေပြင်စစ်ဆင်ရေး ၁၇ ကြိမ်အပါအဝင် အဆောက်အအုံ ၁၄၂ လုံးကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုပေါင်း ၆၇ ကြိမ် ပြုလုပ်ခဲ့ပြီး စစ်ဘက်မှ သေဆုံးသူ ၂၁၁ ဦး၊ အမျိုးသမီးလေးဦးနှင့် ကလေးတစ်ဦးအပါအဝင် အရပ်သား ၂၃ ဦး သေဆုံးခဲ့ကြောင်း အဆိုပါ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် လူပေါင်း ၇၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၀**
မလေးရှားနိုင်ငံတစ်လွှား ပြည်နယ်အချို့၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂နာရီအထိ ရေဘေးဒုက္ခကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ ၇၇၈၀ ရှိသည်ဟုသိရသည်။



မလေးရှားနိုင်ငံ ကီဒါပြည်နယ်အတွင်း လယ်ကွင်းနှင့် စာသင်ကျောင်းများ ရေကြီးနေသည်ကို တွေ့ရစဉ်။

ရေဘေးဒုက္ခ အဆိုးရွားဆုံးခံစားရသည့်ပြည်နယ်မှာ ကီဒါပြည်နယ်ဖြစ်ပြီး လူပေါင်း ၆၅၈၈ ဦးမှာ ရေဘေးကယ်ဆယ်ရေးစင်တာ ၃၈ ခုတွင် သွားရောက်နေထိုင်နေရသည်ဟု လူမှုဖူလုံရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ရေဘေးဒုက္ခ ခံစားရသည့် နောက်ထပ်ပြည်နယ်များမှာ ပီနန်း၊ ဆီလန်ဂေါ၊ ပါလစ်နှင့် ဆာဘာ့တို့ဖြစ်သည်။ အနောက်တောင်မုတ်သုံလေကြောင့် စက်တင်ဘာတစ်လလုံး ရာသီဥတုဆိုးရွားပြီး မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု မိုးလေဝသဌာနက ကြိုတင်သတိပေးထားသည်။

ဆင်ဟွာ

## နိုင်ဂျာနိုင်ငံ၌ မိုးရွာသွန်းမှုများကြောင့် စာသင်နှစ်ကို အောက်တိုဘာ ၂၈ ရက်အထိရွှေ့ဆိုင်း

**နီယာမေ စက်တင်ဘာ ၂၀**
နိုင်ဂျာအစိုးရသည် စာသင်နှစ်ကို ယခင်က အောက်တိုဘာ ၂ ရက်တွင် စတင်မည်ဟုသတ်မှတ်ထားရာမှ နိုင်ငံအတွင်း ဆိုးရွားသည့် ရာသီဥတုအခြေအနေများကြောင့် အောက်တိုဘာ ၂၈ အထိ ရွှေ့ဆိုင်းလိုက်သည်ဟု စက်တင်ဘာ ၁၉ ရက်က ပြုလုပ်သည့် ဝန်ကြီးများအစည်းအဝေးတွင် ပြောသည်။

၂၀၂၄ -၂၀၂၅ စာသင်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုများ ရှိသော်လည်း စာသင်ကျောင်းအချို့မှာ ရေလွှမ်းနေပြီး နောက်ထပ်ကျောင်းများမှာလည်း နေရပ်စွန့်ခွာသူများနေထိုင်နေသည်ဟု တရားဝင်ကြေညာချက်အရ သိရသည်။

မေလမှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် နိုင်ဂျာနိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုများနှင့်တွေ့ကြုံခဲ့ရသည်။ သေဆုံးသူဦးရေမှာလည်း စက်တင်ဘာ ၄ ရက်အထိ ၂၇၃ ဦးရှိပြီး ၇၁၀၇၆၇ ဦးမှာ နေရပ်စွန့်ခွာခဲ့ရသည်ဟု ပြည်သူ့ကာကွယ်ရေးညွှန်ကြားရေးမှူးရုံးက ပြောသည်။

အဆိုပါ အရေးပေါ်အခြေအနေများကို တုံ့ပြန်ရန်အတွက် စက်တင်ဘာ ၁၇ ရက်မတိုင်မီအထိ နိုင်ဂျာအစိုးရသည် ရေဘေးသင့်ဒေသများထံသို့ ကောက်ပဲသီးနှံ တန်ချိန် ၈၇၄၂ တန်ကျော်ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။ အိမ်ထောင်စုပေါင်း ၁၁၂၄၀၀ အနက် ၈၄၂၃၀၀ နီးပါးကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်ဟု သိရသည်။

ဆင်ဟွာ

## မျောက်ကျောက်ရောဂါကာကွယ်ရေးအတွက် ဇမ်ဘီယာနိုင်ငံ၌ အထူးထောက်လှမ်းရေးလှုပ်ရှားမှု ထူထောင်

**လူဆာကာ စက်တင်ဘာ ၂၀**
ဇမ်ဘီယာနိုင်ငံ၌ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်ပျံ့နှံ့နေသော မျောက်ကျောက်ရောဂါ ကာကွယ်ရေးအတွက် အထူးထောက်လှမ်းရေးလှုပ်ရှားမှုများ တင်းကျပ်စွာဆောင်ရွက်လျက်ရှိသည်။

ဇမ်ဘီယာနိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ မတွေ့ရှိရသေးသော်လည်း အစိုးရသည် လျစ်လျူမရှုဘဲ ရောဂါကူးစက်မှုများကို ထောက်လှမ်းစစ်ဆေးသွားမည်ဟု ကျန်းမာရေးဝန်ကြီး အီလီဂျာမူချီမာက စက်တင်ဘာ ၁၉ ရက်တွင် ပြောသည်။ အထူးသဖြင့် နယ်စပ်ဝင်ပေါက်များတွင် အထူးကြပ်မတ်သွားမည်ဟု သိရသည်။

ယခုအချိန်အထိ နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသည်ဟု သံသယရှိသူ ၃၇ ဦးတွေ့ရှိထားသော်လည်း ဆေးစစ်ကြည့်ရာတွင် ရောဂါရှိသူ တစ်ဦးတစ်ယောက်မျှ တွေ့ရှိခဲ့ခြင်းမရှိချေ။ ကျန်းမာရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးအနှံ့ မျောက်ကျောက်ရောဂါ စီမံခန့်ခွဲရေးအတွက် ကျန်းမာရေးဝန်ထမ်းပေါင်း ၂၀၀ ကျော်ကို လေ့ကျင့်ပေးထားပြီး ဆေးစစ်ကိရိယာများ ပြင်ဆင်ထားခြင်းနှင့် နယ်စပ်ဝင်ပေါက်များတွင် စစ်ဆေးရေးကိရိယာများ ထားရှိရေးတို့ကို ပြင်ဆင်ထားသည်။ အာဖရိကတစ်လွှား မျောက်ကျောက်ရောဂါဖြစ်ပွားမှုမှာ များပြားလျက်ရှိသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက သတိပေးထားသည်။

ဆင်ဟွာ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံ တောင်ငူမြို့သို့ရောက်ရှိပြီး အရေးပေါ်ဆေးကုသမှုဌာန၊ အထူးကုပြင်ပလူနာဌာန၊ ခွဲတတ်ခွဲခန်း၊ ခတ်မှန်ခန်း၊ ကျောက်ကပ်သွေးသန့်စင်ခန်းနှင့် ခွဲစိတ်ခန်းများကို သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့ အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ရှိ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီးရှိရေဘေးသင့်မြို့နယ်များသို့ ကွင်းဆင်းသွားရောက်၍ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသော အရေးပေါ်ဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရေဘေးသင့်ဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မိမိတို့ကိုယ်တိုင်၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်ရန်၊ အထူးကုဆရာဝန်ကြီးများအပါအဝင် သူနာပြုဆရာမကြီးများအနေဖြင့် လူနာများအား မိသားစုသဖွယ်စဉ်းစား၍ ပြုစုစောင့်ရှောက်ကုသပေးကြရန်နှင့် လူနာဘေးကင်းလုံခြုံရေးကို အလေးထားဆောင်ရွက်ပေးရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် အဆိုပါ နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ မိမိတို့အနေဖြင့် အရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ စေလွှတ်ရာတွင်လည်း လိုအပ်သောပစ္စည်းများကို တစ်ပါတည်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ လှူဒါန်းမှုရရှိစေရန်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ ပြည်သူများသိရှိအောင် ထုတ်ပြန်ထားသော အလှူရှင်များအတွက် တိုက်တွန်းပန်ကြားချက်ကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ကျန်းမာရေးဝန်ထမ်း ၇၀ အတွက် ထောက်ပံ့ငွေကျပ် ၃၅ သိန်း၊ ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့မှ ကျန်းမာရေးဝန်ထမ်းများနှင့် ရေဘေးသင့်ဒေသများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသော ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူ ၄၉၀ နေထိုင်လျက်ရှိသော ဒက္ခိဏရာမရေဘေးကယ်ဆယ်ရေးစခန်းနှင့် ရေဘေးသင့်ပြည်သူ ၅၁၂ ဦး နေထိုင်လျက်ရှိသော အထက (၃) ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဒက္ခိဏရာမစာသင်တိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍလအား ဖူးမြော်၍ အလှူငွေများဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၃၆၀၄၀၀ ထောက်ပံ့လှူဒါန်းကာ ဒက္ခိဏရာမစာသင်တိုက်၌ ဖွင့်လှစ်ထားသော ဇီဝကအခမဲ့ဆေးခန်းတွင် အရေးပေါ်ဆေးအဖွဲ့နှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများအား လတ်ဆတ်သောအစားအစာနှင့် ပူပူနွေးနွေး ချက်ပြုတ်ထားသော အစားအစာကိုသာစားသုံးရန်၊ ရက်ကျော်နှင့် အချိန်ကျော်သိမ်းထားသော အစားအစာများကို စားသုံးခြင်းမပြုရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ မိမိတို့နေအိမ်ရှိ သောက်ရေသုံးရေများကို ရေသန့်ဆေးပြာထည့်ပြီးမှသာ အသုံးပြုရန်နှင့် နေအိမ်များသို့ ပြန်ရောက်သည့်အခါ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော နေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်ချိန်တွင် သတိပြုလိုက်နာဆောင်ရွက်ရန် အချက်များကို လိုက်နာဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး၌ အရေးပေါ်ဆေးအဖွဲ့များအနေဖြင့် တောင်ငူမြို့နယ်တွင် ၁၄ ဖွဲ့နှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ၉၀ မှ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ နေ့စဉ်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး



**ညောင်ရွှေ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် နေရာများသို့ စက်လှေဖြင့် ကြည့်ရှုစစ်ဆေးပြီး ယာယီရေဘေးရှောင်စခန်းမှ ရေဘေးသင့် ပြည်သူများအား ပြည်သူ့ဆေးရုံများမှ အရေးပေါ်ဆေးအဖွဲ့များနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်းမှ အထူးကုဆေးအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ညောင်ရွှေမြို့နယ် မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းမှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ရိုးဖြစ်စဉ်ထက် ကျော်လွန်သော သဘာဝဘေးများ ဖြစ်ပွားလျက်ရှိကြောင်း၊ အင်းလေးဒေသတွင် လွန်ခဲ့သော နှစ် ၃၀ အတွင်း မကြုံဖူးသော ရေကြီးရေလျှံမှုကို ကြုံတွေ့ တုံ့ပြန်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးသင့်ပြည်သူများအား အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း၊ ရေဘေးရှောင်စခန်းများတွင်နေထိုင်စဉ် ကျန်းမာရေးနှင့်အညီ ပူပူနွေးနွေးချက်ပြုတ်စားသောက်နိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ စသည့်အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ရေဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် နေအိမ်ပျက်စီးဆုံးရှုံးသူများကို ဖြစ်ပေါ်ခံစားရမှုအပေါ်မူတည်၍ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း၊ ရေဘေးရှောင်စခန်းမှ နေရပ်ပြန်ချိန်တွင် အသုံးပြုနိုင်ရန်အတွက် ဆန်ရိက္ခာဖိုးနှင့် လူသုံးကုန်ပစ္စည်းများလည်း ယခုတစ်ပါတည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျချိန်တွင် အင်းလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် အရေးပေါ်ကျန်းမာရေး ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ကလေးငယ်များအတွက် မုန့်များ ပေးဝေသည်။

စက်တင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စု ဝန်ကြီးသည် ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်ရှိ ယာယီရေဘေးရှောင်စခန်းများတွင် ရောက်ရှိနေထိုင်သည့် အိမ်ထောင်စု ၂၃၂ စုနှင့် လူဦးရေ ၉၆၄၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၀၅၂၅၈၀၀၀၊ အိမ်ထောင်စု ၂၃၂ စုအတွက် ငွေကျပ် ၂၄၉၈၁၂၉၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ စုစုပေါင်း ငွေကျပ် ၆၅၅၀၇၀၉၆ ကျပ် ထောက်ပံ့ခဲ့ကြောင်းနှင့် ထောက်ပံ့ရန် လိုအပ်နေသူများကို ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲဝင်း ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)





မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု အမှတ်(၁၆၄) အမက - နတ်စင်ကျောင်းအတွင်း ရေကြီးရေလျှံမှုကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူရာတွင် နှောင့်နှေးမှုမရှိစေရန် စက်တင်ဘာ ၂၀ ရက်က မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မျိုးကျော်နှင့် သန္နေတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# နေပြည်တော်အတွင်း သဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများအနေဖြင့် စီမံချက်ပါအတိုင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးများကို ကြိုတင်မျှော်မှန်းပြီး ကူညီကယ်ဆယ်ရေးအတွက် စက်ယန္တရားများ၊ လူအင်အားများကို စနစ်တကျစုဖွဲ့ ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လမ်းများ၊ တံတားများ အမြန်ကောင်းမွန်စေရေး၊ နုန်းများ၊ အမှိုက်များ၊ သစ်ကိုင်းသစ်တုံးများ ရှင်းလင်းဖယ်ရှားရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ရန်၊ သဘာဝဘေးဖြစ်ပွားပါက ဘေးသင့်ပြည်သူများအတွက် စားရေရိက္ခာများကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေလွှမ်းမိုးမှုနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်နှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေးအတွက် စာရင်းဇယားများ တိကျမှန်ကန်စွာ ပြုစုဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်အတွင်းရှိ နေပြည်တော် - ကင်းသာ - ကိုးကွေ့ - လိန်းလီ- ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၃/၀)၌ လမ်းပေါ်ရေကျော်နေမှုအခြေအနေနှင့် စက်ယန္တရားများဖြင့် ရေလမ်းကြောင်း ပြောင်းလဲဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် အမှတ်(၂)ခရိုင်ချင်းဆက်လမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၄၂/၁ နှင့် ၁၄၂/၂ကြား) ရေတိုက်စားမှုကြောင့် Box Culvert ပျက်စီးမှုအခြေအနေနှင့် ပေ ၁၂၀ အရှည်ရှိ မုန်ချောင်းကူးတံတားအနီး ရေကြီးရေလျှံမှုကြောင့် အမှိုက်များ၊ ဒိုက်များနှင့် သစ်ကိုင်းသစ်တုံးများစုပုံနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ သွားလာမှုအဆင်ပြေစေရေး၊ ရေစီးကြောင်း မှန်ကန်စွာစီးဆင်းစေရေး၊ လမ်းပေါ်ရှိ သဲ၊ နုန်းများ ရှင်းလင်းဖယ်ရှားရေးတို့ကို အမြန်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများမှ ပြည်သူများအား တွေ့ဆုံအားပေးပြီး စားသောက်ဖွယ်ရာများလှူဒါန်း

**လယ်ဝေး စက်တင်ဘာ ၂၀** နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက် ၈ နာရီက နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူလယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ကြာအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့ရှိ ရေဘေးရှောင်ပြည်သူများအတွက် ဆန်၊ ရေသန့်၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ သွားရောက်ပေးအပ်လှူဒါန်းသည်။ **(အောက်ဝဲပုံ)**



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အဖွဲ့သည် ထိန်အင်းကျောင်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ထိန်အင်းကျောင်း ဓမ္မာရုံရှိ ရှမ်းရွာ၊ ဗွက်ကြီးရိုး၊ သဖန်းပင်ကျေးရွာများမှ ရေဘေးရှောင် အိမ်ထောင်စု ၇၇ စု၊ လူဦးရေ ၂၅၆ ဦးတို့အတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ဆန်၊ ရေသန့်၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ၊ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၅၄၈၁၀၀ တို့ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အဖွဲ့သည် ကြာအင်းကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း ၁၀ စုံ၊ ဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းဓမ္မာရုံရှိ ကြို့တန်းကျေးရွာမှ ရေဘေးရှောင်အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၄၅၅ ဦးတို့အတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ဆန်၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၁၂၅၆၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများရှိ စက်ရေတွင်း ၅၀၀ ကျော်ကို တွင်းဆေးလေမှုတ်ခြင်းနှင့် သောက်သုံးရေဂါလန် ၁၂၉၀၀ ကျော်ဖြန့်ဝေပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများရှိ ကျေးရွာနေပြည်သူများ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေအခက်အခဲများ ပြေလည်စေရေး စက်ရေတွင်း ၅၀၀ ကျော် တွင်းဆေးလေမှုတ်ခြင်းနှင့် သောက်သုံးရေဂါလန် ၁၂၉၀၀ ကျော် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

တပ်ကုန်းမြို့နယ်အတွင်း စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ကျေးရွာပေါင်း ၁၀ ရွာရှိ ကျေးရွာပိုင်စက်ရေတွင်း၊ ပုဂ္ဂလိကစက်ရေတွင်း ၅၁၈ တွင်းကို တွင်းဆေးလေမှုတ်ခြင်းဆောင်ရွက်ခြင်းနှင့် ယာယီရေဘေးရှောင်စခန်းများ၊ ရေဘေးဒဏ်သင့်ကျေးရွာများ စုစုပေါင်း ၃၄ ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဂါလန်ပေါင်း ၁၂၉၈၃ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**



## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသန်းယုနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးမျိုးအောင်တို့က အမှာစကား ပြောကြားသည်။

အဆိုပါ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## သရက်မြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက်ရောဂါကာကွယ်ရေး အသိပညာပေးဆွေးနွေး

**သရက် စက်တင်ဘာ ၂၀** မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ညွန့်ရွှေအောင်က မိုးရာသီတွင် ဖြစ်ပွားမှုများနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါသည် မသန့်ရှင်းသောရေနှင့် အစားအသောက်များ စားသောက်မိရာမှတစ်ဆင့် ဖြစ်ပွားတတ်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး အထူးဂရုစိုက်ရန်နှင့် သန့်လေးသန့်ကို စနစ်တကျ လိုက်နာလျှင် ကူးစက်မှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ ရောဂါကူးစက်နိုင်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

# အဂတိကင်းရှင်းစွာ ဆောင်ရွက်ပေးပါက ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်မှုရှိလာပြီး ဝန်ထမ်းများ၏ ပုံရိပ်ကောင်းမွန်လာမည်

**ထားဝယ် စက်တင်ဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများတိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ / တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဂတိကင်းရှင်းစွာ ဆောင်ရွက်ပေးပါက ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်မှုရှိလာပြီး ဝန်ထမ်းများ၏ ပုံရိပ်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်းသွားခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့်နေရာများတွင် မှန်ကန်စွာခွဲဝေသုံးစွဲလာနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးမြှင့်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**အဂတိလိုက်စားမှု၏ ဆိုးကျိုးများ**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်



ဦးကျော်ထွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမျိုးသက်ပိုင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

**ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်၍ တနင်္သာရီတိုင်းဒေသကြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များ၊ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၉/ ၂၀၂၄) အစည်းအဝေးကျင်းပ

**မုံရွာ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၉/၂၀၂၄) အစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



**စုံစုံလင်လင် ပြသနိုင်ရေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအနေဖြင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းနှစ်မျိုးကို မုံရွာမြို့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စစ်ကိုင်း၊ ကလေးစသည့် ဟိုတယ်၊ တည်းခိုရိပ်သာ အများအပြားရှိသည့် မြို့များတွင် ယခုလိုဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၌ မိမိတို့ တိုင်းဒေသကြီး ပြခန်းတွင် ခရီးစဉ်ဒေသဓာတ်ပုံများ၊ အကြောင်းအရာများ၊ ဒေသထွက်ကုန်များ၊ စားသောက်ကုန်များနှင့် အမှတ်တရပစ္စည်းများကို စုံစုံလင်လင်ပြည့်ပြည့်စုံစုံ ခင်းကျင်းပြသနိုင်ရေး ဆက်စပ်ဌာနများနှင့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည်များဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင်ရေးတို့အတွက် လစဉ်လတိုင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိန်က တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေများနှင့် နေပြည်တော်တွင် ကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် တိုင်းဒေသကြီး အတွင်းရှိခရီးသွားဇုန်များ၊ အထင်ကရနေရာများနှင့် ဒေသထွက်ကုန်များပြသသွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများပတ်ဝန်းကျင်များတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လုံခြုံရေးအခြေအနေများနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကလောမြို့ပေါ်ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေများ ပြန်လည်ရရှိ

**ကလော စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့်၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ မြို့သောက်သုံးရေဖြန့်ဝေပေးသော အင်းပြင်ရေထွက်မှ ရေပေးဝေရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေထွက်မှ မြို့နေပြည်သူများသို့ သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ကလောမြို့နယ် စည်ပင်သာယာရေးဌာနတို့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစ၍ အဆိုပါ ရေထွက်မှ ကလောမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ အိမ်ခြေ ၈၈၃ လုံး၊ လူဦးရေ ၄၄၁၅ ဦးတို့အတွက် အလှည့်ကျစနစ်ဖြင့် သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်များနေပြည်သူများကို သောက်သုံးရေ ပြန်လည်ဖြန့်ဝေပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း ကလောမြို့နယ် စည်ပင်သာယာရေးဌာန တာဝန်ရှိသူထံမှ သိရှိရသည်။

မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေရရှိရေး ရေပေးဝေနေမှုအား ကလောတပ်နယ်မှူး၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

**မြို့နယ် (ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့နှင့် ကလောမြို့နယ်တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ **(အပေါ်ယာပုံ)** နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အဆိုပါ စာသင်တိုက်မှ တိုက်အုပ်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပေးအပ်သည်။ ထို့နောက် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ရေသန့်ထုတ်လုပ်ပေးသည့် တပ်မတော်မော်တော်ယာဉ်ရွေ့လျားရေသန့်စက်ဖြင့် သောက်ရေသန့်ထုတ်လုပ် ဖြန့်ဝေပေးနေမှုများကို လည်းကောင်း၊ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။



လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ ရှင်းလင်းဆောင်ရွက်စဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာနှင့် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာသို့ ဆက်သွယ်ထားရှိသော ဆင်သေချောင်းကူးတံတားသို့ သွားရောက်၍ တံတားချဉ်းကပ်လမ်းပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်သို့ ဆက်သွယ်ထားရှိသော မြို့နယ်ချင်းဆက် ဆင်သေချောင်းကူးတံတားသည် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ရုံးပင်စောင်းကျေးရွာနှင့် စည်ပင်သာယာကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများက ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ကျောင်းတက်ရောက်ရာတွင် အသုံးပြုရသော ဆင်သေချောင်းကူး တံတားဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/ တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

○ *ကျော်ဖုံးမှ*


ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ထိုမှတစ်ဆင့် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ ၂၃-၉-၂၀၂၄ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များ၏အရှိန်ကြောင့် ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## နွားထိုးကြီးမြို့နယ်တွင် ကျေးရွာများမှ အဖိုးတန်ပစ္စည်းများနှင့် စားနပ်ရိက္ခာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်ယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာတွင် စက်တင်ဘာ ၁၈ ရက်က ကျေးရွာအတွင်း နေအိမ်များမှပစ္စည်းများနှင့် ကားလမ်းမကြီးတစ်လျှောက်ရှိ ကုန်စုံဆိုင်၊ ဖုန်းဆိုင်များမှ ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်ယူဆောင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ ၁၇ ရက်က နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် စက်တင်ဘာ ၁၈ ရက်တွင်လည်း ဝက်လူးကျေးရွာကို လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမှ ပစ္စည်းများကို လုယက်ယူဆောင်ခြင်း မရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက PDF အမည်ခံအကြမ်းဖက်သမား၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသွားခဲ့သည်ကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## နတ်မောက်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ဗိုလ်တေဇအားကစားရုံ အမိုးလန်ပျက်စီးမှုများဖြစ်ပွား

**နတ်မောက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခန့်က မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဗိုလ်တေဇအားကစားရုံ အမိုးလန်ပျက်စီးမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဗိုလ်တေဇအားကစားရုံ ခေါင်မိုးအရှေ့ဘက်အခြမ်းတွင် ဒိုင်းမြားတန်းနှင့် သွပ်ပြားများပျက်စီးခဲ့ရာ အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ အခန်းခြောက်ခန်း၊ အားကစားရုံရှိ ဒိုင်းမြားတန်းနှင့် သွပ်ပြားများပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၂၅၀၀ ခန့်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အား/ကာမှူး ထံမှ သိရသည်။

**လှဝင်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Chit Thae” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၀) ရပ်ကွက်နေ ဖြူဇင်စိုးပိုင်အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “ပြည့်စုံ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၄) ရပ်ကွက်နေ ဝင်းရွှေအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ “Ma Tin Mar Wai”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သိင်္ဂီရိရပ်ကွက်နေ တင်မာဝေအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Oo Kay Thi Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ကေသီဦး(ခ)ကေကေအား ည ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ တရားမဝင်ရေနံစိမ်း ဂါလန် ၂၄၀၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီးနှင့် တရားမဝင်အခြားသစ် ၀ ဒသမ ၅၆၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၈၃၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higher Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်တံတားအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၁၈၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Giga Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၈၁၇၈၈၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၁၄၁ တန်၊ သစ်မာ ၀ ဒသမ ၉၅၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၆၂၄၃၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဝေါမြို့နယ် အဗျားငှက်ချေးဝင်းကျေးရွာအနီး၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၆၂၄၃၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အနီးနှင့် မင်္ဂလာမူဆယ်အနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းသုံးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၇၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၃၈၉၅၈၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဘေးသင့်ပျက်စီးသည့်အိမ်ထောင်စုများနှင့် သေဆုံးသောမိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်

ရမည်းသင်း စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာ၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေတိုက်စားပျက်စီးသည့် အိမ်ထောင်စုများနှင့် သေဆုံးသည့် မိသားစုဝင်များအား စက်တင်ဘာ ၂၀ ရက်က သပြေပင်ကျေးရွာ အလယ်တန်းကျောင်း ရေဘေးကယ်ဆယ်စောင့်ရှောက်ရေးစခန်း၌ ပြန်လည်ထူထောင်ရေး အလှူငွေများ အိမ်ထောင်စုအလိုက် လက်ရောက်ထောက်ပံ့ပေးအပ်သည်။



အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်သာသနာနုဂ္ဂဟ ဝန်ဆောင်သံဃာတော်များအဖွဲ့က ရေဘေးသင့်ပြည်သူများအား အန္တရာယ်ကင်း ပရိတ်တရားတော်များချီးမြှင့်ပြီး ဆရာတော် ဓမ္မနာဒသာရ ဦးတိက္ခသာရက သေဆုံးသူများအတွက် အမျှပေးဝေပြီး ထောက်ပံ့ငွေများ အိမ်ထောင်စုအလိုက် လက်ရောက်ထောက်ပံ့ပေးအပ်သည်။

မြို့နယ်သာသနာနုဂ္ဂဟဝန်ဆောင် သံဃာတော်များအဖွဲ့ ကျပ်သိန်းတစ်ရာနှင့် ရမည်းသင်းမြို့ တွဲလက်ညီ ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့မှ ခုနစ်ရက်သားသမီးများ ထောက်ပံ့လှူဒါန်းထားသည့်အလှူငွေများမှ ပြန်လည်ထူထောင်နိုင်ရန် သပြေပင်ကျေးရွာရှိ ရေဘေးကြောင့် ပျက်စီးသွားသည့်အိမ်ထောင်စု ၁၉၉ စုအား တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းခွဲကို လည်းကောင်း၊ ရေဝင်ရောက်သည့် အိမ်ထောင်စု ၁၄၄ အား တစ်အိမ်ထောင်လျှင် ကျပ်ငါးသောင်းကိုလည်းကောင်း၊ သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုများအား တစ်ဦးလျှင် ကျပ်တစ်သိန်းရှစ်သောင်းကို လည်းကောင်း၊ အိမ့်မှူးသခင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျပ်ငါးသိန်းကိုလည်းကောင်း တွဲလက်ညီအဖွဲ့က လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် 99 Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION Y YOUNGER အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်းဘွဲ့မြို့နယ်၌ သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ကမ်းပါးပြိုပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုရှစ်စုအတွက် ထောက်ပံ့ငွေပေးအပ်

လှိုင်းဘွဲ့ စက်တင်ဘာ ၂၀

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ကမ်းပါးပြိုပျက်စီးဆုံးရှုံးခဲ့သည့် ရွှေဂွန်းကျေးရွာ အိမ်ထောင်စုရှစ်စုအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာရှိ သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၁၀၅၀ စင်တီမီတာရှိပြီး စက်တင်ဘာ ၁၄ ရက်တွင် စိုးရိမ်ရေမှတ်အထက် ၁၂၈၀ စင်တီမီတာသို့ရောက်ရှိခဲ့ကာ သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် သံလွင်မြစ်ကမ်းပါးနားရှိ ရွှေဂွန်းကျေးရွာ စံပြအေးရပ်ကွက်နှင့် ရွာသစ်(၁)ရပ်ကွက်တို့တွင် နေအိမ်ရှစ်လုံး ကမ်းပါးပြိုပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ ကမ်းပါးပြိုပျက်စီးဆုံးရှုံးခဲ့သည့် ရွှေဂွန်းကျေးရွာ စံပြအေးရပ်ကွက်နှင့် ရွာသစ်(၁)ရပ်ကွက်ရှိ အိမ်ထောင်စုရှစ်စု၊ လူဦးရေ ၅၇ ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေ ၁၀ သိန်း၊ ဆန်ရိက္ခာခုနစ်ရက်စာအတွက် ထောက်ပံ့ငွေကျပ် ၁၁၉၇၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၁၁၉၇၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးရီတို့က ကမ်းပါးပြိုဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## ONE Friday Fights 80 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးသစ်ဝင်းလှိုင် အမှတ်ဖြင့်အရေးနိမ့်

ONE Friday Fights 80 ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ သွေးသစ်ဝင်းလှိုင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

သွေးသစ်ဝင်းလှိုင်သည် ONE Championship အဖွဲ့အစည်းနှင့် ယခုနှစ်လယ်ပိုင်းတွင် စတင်လက်တွဲခဲ့ပြီး နှစ်ပွဲထိုးသတ်ရာတွင် နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။ သွေးသစ်ဝင်းလှိုင်သည် ဒုတိယ မြောက်ပွဲအဖြစ် ဥဇဘက်ကစ္စတန်ဖိုက်တာ ကာခါခိုရော့ဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ သွေးသစ်ဝင်းလှိုင်သည် ပထမအချီတွင် လက်ရည်မကွာဘဲ ထိုးသတ်နိုင်သော်လည်း ဒုတိယအချီတွင် ပြိုင်ဘက်ကစားသမားက လက်ရည်ပိုသာခဲ့သလို ထိချက်လည်း ပိုမိုကောင်းမွန်ခဲ့သည်။ တတိယအချီတွင် ဥဇဘက်ကစ္စတန် ဖိုက်တာ ကာခါခိုရော့ဗ်က လက်ရည်အသာရသွားသလို သွေးသစ်ဝင်းလှိုင် အမှတ်စဉ်တစ်ကြိမ် ရေတွက်ခံခဲ့ရသည်။ အမှတ်စဉ်ရေတွက်ခံရပြီး နောက်ပိုင်း သွေးသစ်ဝင်းလှိုင် ကစားအားကျသွားပြီး ဥဇဘက်ကစ္စတန်ဖိုက်တာ ကာခါခိုရော့ဗ် ဖိထိုးသော်လည်း အလဲထိုးနိုင်ခြင်းမရှိဘဲ အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

သွေးသစ်ဝင်းလှိုင်သည် ONE Championship နှင့် လက်တွဲအပြီး ဒုတိယမြောက်ပွဲစဉ် ထိုးသတ်ရခြင်းဖြစ်ပြီး ဇွန် ၇ ရက်က ထိုးသတ်သည့် ပထမဆုံးပွဲတွင် ထိုင်းဖိုက်တာ ခွန်ဆက်ကို အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

ညီမြတ်သော်တာ



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၁ -၂၀၂၂ မှ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အသင်း၏ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာသိမ်းက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် မြို့နယ်သမဝါယမအသင်းစု၏ ရှေ့လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ရန်အချက်များရှင်းလင်းပြောကြားစဉ်။

အာကာလင်း

**လူသားတို့၏ ကျန်းမာရေး**
**အိုဇုန်းလွှာကို ထိန်းသိမ်းပေး**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


| ၂၀ - ၉ - ၂၀၂၅ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ညီညီ - စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| FMI | ၈၈၀၀ | ၈၉၀၀ | ၃၉၆ | ၃၄၈၈၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၀၀ | ၂၅၂၂ | ၈၅၈၄၉၀၀ |
| MCB | ၈၇၀၀ | ၈၇၀၀ | ၂၇၈ | ၂၄၁၈၆၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၁၂၀ | ၂၁၆၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၇၀၃ | ၁၂၀၄၁၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၀၀ | ၃၄၅၀ | ၆၀၀ | ၂၀၇၀၀၀၀ |
| MADPL (PLB) | ၃၂၀၀၀ | ၃၂၀၀၀ | ၁ | ၃၂၀၀၀ |

## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)က ရေဘေးသင့်ပြည်သူများအား ငွေသားနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)အနေဖြင့် ရေဘေးသင့်ပြည်သူများအား ငွေသားနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၅၀၀ ကျော်ကို သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ Royal Garden Restaurant ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (YRESA) နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးမှ သိရသည်။ ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုက အသင်း(ဗဟို)နှင့် ပူးပေါင်း၍ ပြည်တွင်း၊ ပြည်ပ အိမ်ခြံမြေလုပ်ငန်း အသင်းအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်ဆန်းဦး (ဦးမင်းမင်း)က ခေတ်ကာလနှင့်အညီ အိမ်ခြံမြေ ဗဟုသုတများ တိုးတက်စေရန် လေ့လာသင်ယူကြသင့်သည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး အတွင်းရေးမှူး ဦးစိုင်းအောင်မြင့်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းတို့မှ အသင်းသူ အသင်းသားများက နေပြည်တော် ကောင်စီနယ်မြေ ပေါင်းလောင်းဆည်နားရှိ ရွာသစ်ကြီး၊ ဇီးပင်ကြီး၊ ချောင်းကန်ကြီး၊ ညောင်ပင်ကြီးရွာ စသည့်ရွာများ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အစားမျိုးစုံ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး၊ ပါရာစီတမော့ဆေးကတ်များ၊ ဓာတ်ဆားထုပ်များ အပါအဝင် ငွေသားနှင့် ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၅၄၅ သိန်းခန့်တို့ကို သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

❖ *ကျောဖုံးမှ*

ဆက်ထိန်းထားသလို ရတနာပုံအသင်းကို ဂိုးပြတ်သွင်းယူပြီး ရာသီဝက် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် မဟာယူနိုက်တက်အသင်းက ရှေ့ဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ခြောက်မိနစ်တွင် သက်နိုင်နှင့် မိနစ် ၆၀ တွင် တိုးဆက်နိုင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၆ မှတ်၊ ရှေ့ဝတီယူနိုက်တက် အသင်းက ၁၁ ပွဲကစား ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ – MNL**


## ဆင္ဃသင်္ဂါယနာ သာသနာ့သမိုင်းဝင်
## သီရိမင်္ဂလာကမ္ဘာ့အေးစေတီတော်မြတ်ကြီး



ရင်ပြင်တော်ခင်းရန် နေပူခံ စကျင်ကျောက်ပြားများ အလှူခံ နိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးကုန်းမြေတွင် မြတ်စွာဘုရားရှင်၏ သရီရခါတ်တော် များနှင့်အဂ္ဂသာဝက ကြီးနှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ဓါတ်တော်များ ကိန်းဝပ် စံပါယ် အပူဇော်ခံလျှက်ရှိသည့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ကွဲအက်ပျက်စီးနေသော နေပူခံ စကျင် ကျောက်ပြားများကို အဆင့်မြင့် နေပူခံ စကျင်ကျောက်ပြားများဖြင့် အစားထိုး ပြုပြင် ခင်းကျင်းပူဇော်မည်ဖြစ်ပါသဖြင့်

အဆင့်မြင့် နေပူခံစကျင်ကျောက်ပြား (၁ပေ×၁ပေ) တစ်ချပ်လျှင် ၅၀၀၀ိ/ – နှုန်းဖြင့် အချပ် ၂၀ လျှင် ၁ သိန်းကျပ်၊ အချပ် ၁၀၀ (တစ်ကျင်း)လျှင် ၅ သိန်းကျပ် နှုန်းဖြင့် ပါဝင် လှူဒါန်းနိုင်ကြပြီး၊ ငွေကျပ် ၁ သိန်းနှင့် အထက် အလှူရှင်များကို ကြေးမုံသတင်းစာတွင် သာဓုအနုမောဒနာ ဂုဏ်ပြုလွှာ ထည့်သွင်း ဖော်ပြပေးသွားမည် ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင် ပါရမီရှင်များမှ မိမိတို့ တတ်စွမ်းသမျှ ကုသိုလ်ယူ ပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာ နိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ။ ၀၉ ၄၂၅၀၁၂၅၂၁ ၊ ၀၉ ၉၇၉၆၃၀၉၂၅ ၊ ၀၉ ၇၉၉၃၀၉၄၉၉

သီရိမင်္ဂလာကမ္ဘာ့အေးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့


## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက် ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ (၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ **ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–**

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ **ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်–**

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက် ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ **ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်–**

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေး ခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ **ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်–**

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန် အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသောအစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆၊ ၀၆၇–၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**IRD's Tax Payment Hub Portal တွင် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ရုံးများသို့ အခွန်ပေးဆောင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ရက်စနစ် (CBM-NET)မှတစ်ဆင့်လည်းကောင်း၊ MPU E-Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍ Online မှ အခွန်ငွေပေးဆောင်ခြင်း **(https://www.ird.gov.mm မှတစ်ဆင့် အခွန်ငွေပေးသွင်းခြင်း)**၊

(ခ) **မိုဘိုင်းအီလက်ထရောနစ်ငွေပေးချေမှုစနစ်** သို့မဟုတ် ပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှ CBM-NET System ရှိ CCT Function ကို အသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးသွင်းခြင်း။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အထက်ပါနည်းလမ်းများအပြင် ဦးစီးဌာန၏ Website မှတစ်ဆင့် Multi-Channel Tax Payment Platform အနေဖြင့် အသုံးပြုအခွန်ငွေပေးဆောင်နိုင်ရန်အတွက် IRD's Tax Payment Hub Portal အား အကောင်အထည်ဖော်ခဲ့ရာ ပထမအဆင့်အနေဖြင့် ၁-၉-၂၀၂၄ ရက်နေ့မှစ၍ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking ဖြင့်လည်းကောင်း၊ e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍လည်းကောင်း အခွန်ငွေပေးသွင်းနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အဆိုပါ IRD's Tax Payment Hub Portal မှတစ်ဆင့် အခြားသောဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပေးသွင်းနိုင်ရန် စနစ်ပိုင်းချိတ်ဆက်ပြီးချိန်တွင်လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ပါသည်။

၅။ IRD's Tax Payment Hub Portal မှတစ်ဆင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့မှ ကုမ္ပဏီအဖွဲ့အစည်းအခွန်ထမ်းများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁၁၁)ရုံးတို့မှ တစ်ဦးချင်း ပုဂ္ဂိုလ်အခွန်ထမ်းများသည် e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ Online မှလည်းကောင်း၊ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking တို့ဖြင့် အခွန်ငွေပေးဆောင်နိုင်သည့်အပြင် လက်ရှိကျင့်သုံးလျက်ရှိသော ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့်လည်း ဆက်လက်ပေးဆောင်နိုင်ပါသည်။

၆။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေးဆောင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို အချိန်မရွေး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ငွေကြေးကိုင်တွယ်မှုလျှော့ချနိုင်ခြင်း၊ မိမိနှင့်သက်ဆိုင်သော အခွန်ငွေပေးသွင်းခဲ့သည့်အချက်အလက်များကို ဦးစီးဌာန၏ Data Center ရှိ Database တွင် သိမ်းဆည်းထားသဖြင့် စနစ်တွင် မှတ်ပုံတင်(Register)ပြုလုပ်၍ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ထိုသို့စစ်ဆေးနိုင်ခြင်းကြောင့် ငွေကြေးဆုံးရှုံးမှု၊ အလွဲသုံးစားမှုနှင့် မသမာမှုဖြစ်ပွားခြင်းအန္တရာယ်တို့ကို ကြိုတင်ကာကွယ်နိုင်ခြင်းဟူသည့် ကောင်းကျိုးများကို ခံစားရမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ကုမ္ပဏီအဖွဲ့အစည်းအခွန်ထမ်းများသည် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကို အသုံးပြု၍လည်းကောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (သို့မဟုတ်) အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကိုအသုံးပြု၍လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော https://www.ird.gov.mm ၏ Homepage ရှိ e-Payment Menu Link မှတစ်ဆင့် (သို့မဟုတ်) https://onlinepayment.ird.gov.mm Link မှတစ်ဆင့် IRD's Tax Payment Hub Portal သို့ ဝင်ရောက်အသုံးပြုနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၈။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး (ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၁၀၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center) (၀၁-၈၃၇၈၃၇၃၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အမှတ်(မ-၆၀)၊ ဦးပိုင်အမှတ်-(၃၁)၊ ဧရိယာ (၀. ၁၁၀၂)ကေရှိ နှစ်(၃၀)မြေငှားဂရန် (L-မြေ)အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဝမ်ဆိုက်ရှုအမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျောက်ကွဲထင့်(ဘ)ဦးကျောက်ရှောဂျီ(၁၃/ကမန(နိုင်)၀၂၃၄၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအိုက်ခေါ် (၁၃/တယန(နိုင်)၀၇၅၃၅၂)က (၂၀. ၁၂. ၂၀၁၃)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုပြီးသည့်ရက်မှစ၍ ယနေ့အချိန်အထိ လက်ရောက်ဝယ်ယူပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေကသာလျှင် ယင်းမြေကွက်အား လက်ရှိပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသော ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**

**ဦးဇော်မိုးလွင် LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၉၆၀, Honda C-90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလွင်သန့် ၅/မရန(နိုင်)၃၃၉၇၆၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

